# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၁၄၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်**

၁။ ၂၀၂၄-ခုနှစ်၊ မတ်လ (၁၁) ရက်နေ့မှ (၁၉) ရက်နေ့အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့် လျှောက်ထားကြသော ကျောင်းသား/သူများ သိရှိရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

(က) တိုင်းဒေသကြီး/ပြည်နယ်များရှိ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား/သူများသည် မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဖြေဆိုခွင့် ကတ်ပြား (Identity Card) များကို ၂၀၂၄-ခုနှစ်၊ ဖေဖော်ဝါရီလ ( ၂၇ )ရက် အင်္ဂါနေ့မှစ၍ ထုတ်ယူကြရပါမည်။

( ခ ) အခြေခံပညာအထက်တန်းကျောင်း၊ (ကျောင်းခွဲ) နှင့် (တွဲဖက်) အခြေခံပညာ အထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား/ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များကို မိမိတို့ကျောင်းအုပ်ကြီးများထံမှ ထုတ်ယူကြရပါမည်။

( ဂ ) ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဖြေဆိုခွင့် ကတ်ပြား (Identity Card) များကို မိမိတို့ ဖြေဆိုရမည့် စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှ ထုတ်ယူကြရပါမည်။

၂။ ကျောင်းသား/ကျောင်းသူများ အနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ စာစစ်ဌာန ကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

ရက်စွဲ။ ၂၀၂၄-ခုနှစ်၊ ဖေဖော်ဝါရီလ( ၂၂ )ရက်။



## အဆင့်မြှင့်တင်ဆောင်ရွက်မှုဖြင့် ခရီးသွားများအား ဆွဲဆောင်နေသည့် မန္တလေးမြို့မှ တောင်သမန်မယ်ဇယ်တန်းနှင့် ဦးပိန်တံတားတွင် အပန်းဖြေကြသူများဖြင့် စည်ကား

မန္တလေး ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာအထိပါ ကျော်ကြားသည့် တောင်သမန်အင်း၊ ဦးပိန်တံတားနှင့် မယ်ဇယ်တန်းတို့ကို ခရီးသွားများအား ပိုမိုဆွဲဆောင်နိုင်စေရန် အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ဖွင့်လှစ်ပေးခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။ (အပေါ်ပုံ)

အဆိုပါ တောင်သမန်အင်း၊ ဦးပိန်တံတားနှင့် မယ်ဇယ်တန်းသည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်း တည်ရှိပြီး မန္တလေးတိုင်းဒေသကြီး၏ ပြယုဂ်တစ်ခုလည်းဖြစ်သည့်အတွက် သဘာဝပတ်ဝန်းကျင်အား ပိုမိုလှပတင့်တယ်စေရန်နှင့်

*စာမျက်နှာ ၅ ကော်လံ ၃* ❍

### ယနေ့ ဖတ်စရာ


မြန်မာ့ထွက်ကုန် ဝါးလက်မှုပစ္စည်းများကို မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားများ စိတ်ဝင်စားနေ

ပြည်တွင်းသတင်း | စာ ၄

နိုင်ငံကူးလက်မှတ်များအား ပုံမှန်လုပ်ငန်းစဉ်အတိုင်း စိစစ်ထုတ်ပေးလျက်ရှိပြီး ကောလာဟလသတင်းများ ထုတ်ပြန်၍ ငွေကြေးအဆမတန်တောင်းခံသူများ၊ ကြားခံပွဲစားများအား ဖော်ထုတ်အရေးယူမည်

ပြည်တွင်းသတင်း | စာ ၃

ကမ္ဘာတည်သရွေ့ အမိမြေ ခိုင်ခိုင်မြဲရေး ကြိုးစားကြရမယ်

ဆောင်းပါး | စာ ၁၀

ထိုင်းနိုင်ငံ ဓမ္မကာယကျောင်းတိုက်ကြီး၌ ပြုလုပ်မည့် ဆီမီးတစ်သန်း ပူဇော်ပွဲသို့ ထိုင်းရောက်မြန်မာနိုင်ငံသားများကိုလည်း ဖိတ်ခေါ်ထား

ပြည်တွင်းသတင်း | စာ ၁၇

# နေ့စဉ်မပြတ် ဖတ်ရှုလေ့လာ ဗဟုသုတတိုးပွားဉာဏ်ပညာ

အပ္ပဿုတာယံ ပုရိသော၊ ဗလီဗဒ္ဒေါ၀ ဇီရတိ။
မံသာနိတဿ ဝဍ္ဎန္တိ၊ ပညာ တဿ န ဝုဍ္ဎတိ။

အကြားအမြင်နည်းသော ဤယောကျ်ားသည် နွားလားကဲ့သို့ အချည်းအနှီး ကြီးထွားလာ၏။ ထိုယောကျ်ားအား အသားတို့သာ တိုးပွားကုန်၏၊ ပညာမူကား မတိုးပွား။ (ဓမ္မပဒ)

သတ္တဝါမှန်သမျှ မွေးဖွားသည်မှစကာ အချိန်နှင့်အမျှ ကြီးပြင်းလာကြရသည်။ လူသားဘဝကို ရထားသူတို့အဖို့မှာမူ တဖြည်းဖြည်း ကြီးပြင်းလာသည်နှင့်အမျှ ခန္ဓာကိုယ်ကြီးထွားလာရုံ၊ အသားတိုးကာ အလေးချိန်စီးရုံမျှနှင့်မပြီး။ အကြားအမြင်ဗဟုသုတတို့ကလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးပွားလာဖို့ လိုအပ်သည်။ လူတိုင်းတစ်နေ့တာ ကုန်ဆုံးပြီးချိန်တွင် ထိုနေ့အဖို့ အနည်းငယ်မျှပင်ဖြစ်စေ အသိဉာဏ် ပိုမိုတိုးတက်နေစေရမည်ဟုလည်း ပညာရှိတို့က မိန့်ဆိုသည်။ ကလေးဘဝ၊ လူငယ်ဘဝ ပညာသင်သည့်အရွယ်တွင် ကျောင်းနေပညာသင်ယူခြင်းသည် အကြားအမြင်ဗဟုသုတ၊ ဉာဏ်ပညာတို့ကို ရှာဖွေနိုင်ရန် ပြင်ဆင်လေ့ကျင့်ခြင်းသာဖြစ်ရာ ဘွဲ့ယူခြင်းသည် ပညာသင်ယူမှု ပြီးဆုံးသွားခြင်းမဟုတ်ဘဲ ပညာနှင့်အသိသုတတို့ ရှာဖွေခြင်း၏ အစသာဖြစ်သည်ဟုလည်း အဆိုအမိန့်ရှိသည်။

လူတိုင်း နေ့စဉ်ပညာတိုးပွားစေရန်၊ အချည်းနှီးကြီးထွားသူမဖြစ်စေရန် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံးနည်းလမ်းမှာ စာဖတ်ခြင်းပင်ဖြစ်သည်။ စာဖတ်ရန် ဝါသနာပါသူ၊ သိလိုစိတ်ပြင်းပြသူ၊ ဗဟုသုတရှာဖွေလိုသူတို့မှာ မည်သူကမျှ တိုက်တွန်းရန်မလိုဘဲ စာပေကို စဉ်ဆက်မပြတ် ရှာဖွေဖတ်ရှုနေလေ့ရှိသည်။ အလုပ်မအား၍၊ အချိန်မရှိ၍၊ စာအုပ်များဈေးကြီး၍ စသည့် ဆင်ခြေများမှာ စာဖတ်ဝါသနာပါသူတစ်ဦးအတွက်မလိုအပ်ဘဲ ရသည့်အချိန်တွင် ရသည့်နည်းလမ်းဖြင့် စာကို မရရအောင်လည်း ဖတ်ကြသည်။ "မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်။ ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက ထူးခြားလိမ္မာ၊ ရှိသည်သာတည့်။" ဟူ၍ လွန်ခဲ့သည့်နှစ်ပေါင်း ၅၀၀ ကျော်ကပင် ဆရာတော်ရှင်မဟာရဋ္ဌသာရ မိန့်ဆိုခဲ့သည့်အတိုင်း စာကောင်းပေမွန်တို့ကို စဉ်ဆက်မပြတ် ဖတ်ရှုလေ့လာနေမည်ဆိုပါက မိမိနှင့်အနီးဆုံး အသိုက်အဝန်းဖြစ်သည့် မိသားစုအတွင်းမှာပင် အသိပညာအလိမ္မာတို့ ထူးထူးခြားခြား တိုးတက်လာမည်ဖြစ်သည်။

ယခုအခါ လူငယ်များ ဗလငါးတန် အားမာန်ပြည့်ဝစေရန်အတွက် နိုင်ငံတော်က ဘက်ပေါင်းစုံမှ မြှင့်တင်ဖြည့်ဆည်းပေးလျက်ရှိသည်။ နိုင်ငံ၏ အနာဂတ်အင်အားဖြစ်သော လူငယ်များကို တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ရေးတွင် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုတို့အပြင် ဗဟုသုတအကြားအမြင်တို့ ပြည့်စုံကြွယ်ဝရန်လည်း လိုအပ်သည်။ ကျောင်းနေအရွယ်လူငယ်များ စာပေဖတ်ရှုသည့် ဝါသနာရင့်သန်လာစေရန်၊ စာပေဗဟုသုတကို စိတ်ပါဝင်စားလာစေရန်၊ စာအုပ်စာပေများနှင့် ရင်းနှီးလာစေရန်တို့အတွက် စာပေဆိုင်ရာ ပွဲတော်များ ကျင်းပပေးခြင်း၊ စာကြည့်တိုက်များတွင် လာရောက်ဖတ်ရှုကြရေးတို့အတွက် စာပေဆိုင်ရာ လှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊ ကျောင်းစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်တို့တွင် စာအုပ်စာစောင်များ ဖြည့်တင်းပေးခြင်းတို့ကို အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိသည်။

မိမိတို့နိုင်ငံတွင် နိုင်ငံ့လူဦးရေနှင့် နှိုင်းယှဉ်ပါက ဘွဲ့ရသူဦးရေရာခိုင်နှုန်းမှာ နည်းပါးနေသကဲ့သို့ အတန်းပညာတတ်မြောက်မှုအခြေအနေမှာလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုးရိမ်ဖွယ်ပင်ဖြစ်သည်။ ဘဝပေးအခြေအနေကြောင့် ကျောင်းသင်ပညာကို ပြီးဆုံးအောင် သင်ယူမှုမပြုနိုင်ခဲ့သည့်တိုင်အောင် ပြင်ပစာကောင်းပေမွန်များကို ဖတ်ရှုလေ့လာရင်း စာပေမှရရှိသည့် အသိ၊ ဉာဏ်ပညာ၊ အလိမ္မာတို့ဖြင့် မိမိတို့ဘဝကို ထိန်းကျောင်းပဲ့ပြင်ကာ မြင့်မားသည့်ဘဝအခြေအနေသို့ ရောက်ရှိအောင် ကြိုးစားအားထုတ် တက်လှမ်းနိုင်ခဲ့ကြသူ များစွာရှိသည်ကို စံနမူနာယူကြစေလိုသည်။ သာမန် စာတတ်ရုံမျှမက စာပေကို လေ့လာဖတ်ရှုကာ တိုးတက်မြင့်မားသည့် အသိဉာဏ်ပညာ ဗဟုသုတတို့ဖြင့် မိမိတို့ဘဝ အောင်မြင်မှုအတွက်ရော နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက်ပါ ရွက်ဆောင်သယ်ပိုးနိုင်ကြပါစေကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးသွင် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးမြဦး ကို စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မြန်မာနိုင်ငံပြန်တမ်း

## အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးထိန်လင်း အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၂ - နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးသုတေသနဦးစီးဌာန သုတေသနစာတမ်းများဖိတ်ခေါ်ခြင်း

မွေးမြူရေးသုတေသနဦးစီးဌာန၊ ရေဆင်း၊ နေပြည်တော်၌ ဒုတိယအကြိမ်မြောက် မွေးမြူရေး သုတေသနဆိုင်ရာစာတမ်းဖတ်ပွဲကို (၁-၄-၂၀၂၄)ရက်တွင် **"ဆန်းသစ်တီထွင် သုတေသနမှသည် အာဟာရပြည့်မီ စားရေရိက္ခာရေရှည်တည်တံ့ဖူလုံရေးဆီ"**ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ ဈေးကွက်ဝင်တန်ဖိုးမြှင့် မွေးမြူရေးထုတ်ကုန်ဆိုင်ရာများ၊ ရေရှည်တည်တံ့စေမည့် မွေးမြူထုတ်လုပ်ရေးနည်းစနစ်ဆိုင်ရာများ၊ တိရစ္ဆာန်အစာနှင့် အာဟာရဗေဒဆိုင်ရာများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများ၊ မွေးမြူရေးအခြေပြု လူမှုစီးပွားရေးဆိုင်ရာ နယ်ပယ်များမှ သုတေသန စာတမ်းများကို (၁-၃-၂၀၂၄) ရက်နောက်ဆုံးထား၍ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်နိုးဆော်အပ်ပါသည်။

အသေးစိတ်ကို ဦးစီးဌာန၏ Website လိပ်စာ https://www.dlar.moali.gov.mm တွင်လည်းကောင်း၊ ဒေါက်တာဆောဘောမ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဖုန်း ၀၉ ၂၅၀၂၀၅၉၉၀၊ email sawvetdlar@gmail.com သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# တေးသီချင်းများ ရိုက်ကူး၊ ထုတ်လွှင့်မှုများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် သတိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ၁၉၉၆ ခုနှစ်၊ ရုပ်ရှင်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၃၊ ပုဒ်မ ၃၃ နှင့် ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၄၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၆ တို့အရ ဇာတ်ကား၊ ဇာတ်လမ်းတွဲ၊ မှတ်တမ်းကား၊ မော်ကွန်းတင်ကား၊ သတင်းကား၊ ဖျော်ဖြေရေးကား၊ တေးသီချင်း၊ ကြော်ငြာတို့ကို ချမှတ်ထားသော မူဝါဒများနှင့်ညီညွတ်မှု ရှိ မရှိ ကြည့်ရှုစစ်ဆေးခြင်း၊ ဖြတ်တောက်ခြင်း၊ ပြုပြင်ခြင်း၊ ခွင့်ပြုခြင်းများဆောင်ရွက်လျက်ရှိပြီး ပြဋ္ဌာန်းချက်များအား လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အချို့သော တေးသီချင်း ရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှုရရှိစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုနှင့်ဖီလာဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်း အတူကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟီရိဩတ္တပ္ပတရားကင်းမဲ့သော တေးသီချင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရိုက်ကူးထုတ်လွှင့်နေကြောင်း တွေ့ရှိရပါသဖြင့် အဆိုပါ ရိုက်ကူးထုတ်လွှင့်ဖော်ပြမှုများနှင့်ပတ်သက်၍ ထုတ်လုပ်သူ၊ စီစဉ်ရိုက်ကူးသူ၊ သရုပ်ဆောင်သူများအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို နိုင်ငံပိုင်သတင်းစာများတွင် သတိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တေးသီချင်းများကို အရုပ်နှင့်အသံထွက်ပေါ်စေလျက် နည်းလမ်းမျိုးစုံဖြင့် ရိုက်ကူးထုတ်လွှင့်ပြသခြင်းများ ဆောင်ရွက်ခြင်းမပြုမီ ရုပ်ရှင်ဥပဒေ၊ ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေတို့အရ ရုပ်ရှင်ဆင်ဆာနှင့်ဗီဒီယိုဆင်ဆာအဖွဲ့တို့သို့ တင်ပြပြီး စစ်ဆေးခွင့်ပြုချက် ရယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ထိုကဲ့သို့ တင်ပြခြင်းမရှိဘဲ ထုတ်လွှင့်ပြသခြင်းများ ဆောင်ရွက်မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Gabar Motor Services Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFOX α T အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ တရုတ်နိုင်ငံထုတ် BAIC ARCFOX α S အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ တရုတ်နိုင်ငံထုတ် BAIC BEIJING EU5 Plus အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Auto Top Power Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် N.P.K Motors Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Leapmotor, T03 (Luxury) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ တရုတ်နိုင်ငံထုတ် Leapmotor, C11 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။



သတင်းစဉ်

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၊ ထန်တလန်မြို့နှင့် ဟားခါးမြို့တို့မှ မြို့မိမြို့ဖများနှင့်တွေ့ဆုံ

ဟားခါး ဖေဖော်ဝါရီ ၂၂

ဟားခါးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ယမန်နေ့ နံနက်ပိုင်းတွင် ဟားခါးမြို့ မြို့ဦးကျောင်းတိုက်ရှိ အတုလဂုဏ်ရည် သာသနဗိမာန်သို့သွားရောက်၍ (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဟားခါး - ထန်တလန် မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဟားခါးမြို့ ကျောဘုတ် သာသနာပြုကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညောဘာသ ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**ငါးပါးသီလ ခံယူဆောက်တည်**

ဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဟားခါး-ထန်တလန် မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဟားခါးမြို့ ကျောဘုတ် သာသနာပြုကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညောဘာသ အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

**မြို့မိမြို့ဖများနှင့်တွေ့ဆုံ**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ချင်းပြည်နယ် ထန်တလန်မြို့နှင့် ဟားခါးမြို့တို့မှ မြို့မိမြို့ဖများအား ဟားခါးမြို့ တောင်ဇလပ်ရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အမှာစကားပြောကြားပြီး မြို့မိမြို့ဖများက ၎င်းတို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အခက်အခဲများကို တင်ပြကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက တာဝန်ရှိသူများနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ချင်းပြည်နယ် ထန်တလန်မြို့နှင့် ဟားခါးမြို့တို့မှ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**လက်ဆောင်ပစ္စည်းများပေးအပ်**

ယင်းနောက် မြို့မိမြို့ဖများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ မှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့မှ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင် အဖွဲ့ဝင်များနှင့် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အစိုးရ၏ လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့ပြင် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့အနေဖြင့် ဘာသာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ အတွေ့အကြုံများနှင့် အသိပညာများကို ထိရောက်စွာအသုံးပြုလျက် ဒေသတွင်းနှင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးနှင့် နိုင်ငံ့အကျိုး ဖြစ်ထွန်းစေမည့် အကြံပြုချက်များကို ပညာရှင်များ ရှုထောင့်မှ အထောက်အကူပြု ပံ့ပိုးနိုင်ရေးတို့ကို တိုက်တွန်းမှာကြားသည်။ **(ယာပုံ)**



ထို့နောက် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များက အဖွဲ့၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ **သတင်းစဉ်**

## နိုင်ငံကူးလက်မှတ်များအား ပုံမှန်လုပ်ငန်းစဉ်အတိုင်း စိစစ်ထုတ်ပေးလျက်ရှိပြီး ကောလာဟလသတင်းများ ထုတ်ပြန်၍ ငွေကြေးအဆမတန်တောင်းခံသူများ၊ ကြားခံပွဲစားများအား ဖော်ထုတ်အရေးယူမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

နိုင်ငံကူးလက်မှတ်များအား ပုံမှန်လုပ်ငန်းစဉ်အတိုင်း စိစစ်ထုတ်ပေးလျက်ရှိပြီး ကောလာဟလသတင်းများ ထုတ်ပြန်၍ ငွေကြေးအဆမတန် တောင်းခံသူများ၊ ကြားခံပွဲစားများအား ဖော်ထုတ်အရေးယူမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးမှ ထုတ်ပြန်ထားသည်။

နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးနှင့်ပတ်သက်၍ အွန်လိုင်းထက်ရှိ ကောလာဟလသတင်းအချို့ကြောင့် ပြည်သူများအကြား စိုးရိမ်ပူပန်မှုများရှိခဲ့ကြပြီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးမှ အချိန်မီ အသိပေးထုတ်ပြန်လာခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့အနေဖြင့် နိုင်ငံကူးလက်မှတ်များအား ပုံမှန်လုပ်ငန်းစဉ်အတိုင်း စိစစ်ထုတ်ပေးလျက်ရှိရာ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး (ရန်ကုန်) တွင် Online Booking တင်၍ QR စနစ်ဖြင့် လူဦးရေ ၂၇၀၀ နှုန်းဖြင့်လည်းကောင်း၊ နေပြည်တော်၊ မြစ်ကြီးနား၊ဟားခါး၊ လွိုင်ကော်၊ မကွေး၊ မန္တလေး၊ မုံရွာ၊တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ တာချီလိတ်၊ ဘားအံ၊ မြဝတီ၊ မော်လမြိုင်၊ ထားဝယ်၊ ကော့သောင်း၊ ပုသိမ်၊ စစ်တွေ၊ ပဲခူးမြို့များရှိ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲများတွင် သတ်မှတ်လူဦးရေအတိုင်းလည်းကောင်း ရုံးဖွင့်ရက်များတွင် နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းအပြင် ကောလာဟလသတင်းများ ထုတ်ပြန်၍ ငွေကြေးအဆမတန် တောင်းခံသူများ၊ ကြားခံပွဲစားများအား ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်းလည်း အသိပေးထားသည်။ MT

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သုတေသနလုပ်ငန်းများ၊ မျိုးစေ့ထုတ်လုပ်ငန်းများ စစ်ဆေးကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်ရှိ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ယာသီးနှံသုတေသနဌာနခွဲ စီပင်ခြံ၏ သုတေသနလုပ်ငန်းများ၊ မျိုးစေ့ထုတ်လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ တာဝန်ရှိသူများက ဆီထွက်သီးနှံ နေကြာ ဆင်းရွှေကြာ-၂၊ ပဲတီစိမ်း၊ ပဲစင်းငုံ အပါအဝင် သီးနှံ ၁၁ မျိုး၏ သုတေသန၊ ထုတ်လုပ်မှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။



**ဈေးကွက်ဝယ်လိုအားကို ထည့်သွင်းတွက်ချက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မျိုးသစ်ထုတ်လုပ်ခြင်းနှင့် မျိုးသန့်မျိုးပွားဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သီးနှံအထွက်နှုန်း တိုးတက်ရေးအပြင် စားသုံးမှုအရည်အသွေးနှင့် ဈေးကွက်ဝယ်လိုအားကို ထည့်သွင်းတွက်ချက် ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သာစည်မြို့နယ်ရှိ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဖွံ့ဖြိုးရေးဌာန(VFDC)၊ လှိုင်းတက်ခြံ၏ ဟင်းသီးဟင်းရွက်ရာသီသီးနှံ မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒေသနှင့် ကိုက်ညီပြီး စီးပွားရေး တွက်ခြေကိုက်သော သီးနှံမျိုးကောင်း၊ မျိုးသန့် မျိုးစေ့၊ ပျိုးပင်များ ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် နည်းပညာပေးလုပ်ငန်းများ တစ်ပြိုင်တည်း ဆောင်ရွက်ရန်၊ တောင်သူများ၏ သဘောထားမှတ်ချက်ကိုရယူ၍ အပူပိုင်းဒေသနှင့် ကိုက်ညီဖြစ်ထွန်းစေမည့် သီးနှံအမယ်များကို ရွေးချယ်ပြီး မျိုးသန့် မျိုးပွားထုတ်လုပ်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် စိုက်ပျိုးရေးဦးစီးဌာနပိုင် စက်ရုံအား Dagon Foods Co.,Ltd က ငှားရမ်းလုပ်ကိုင်လျက်ရှိသည့်သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အတူ ဟဲဟိုးမြို့ ဥသာဘက်ကျေးရွာရှိ မျိုးအာလူးအအေးခန်းသိုလှောင်ရုံကို ကြည့်ရှုစစ်ဆေးပြီး စားဖိုဆောင်သီးနှံဖြစ်သည့် အာလူးကို မုန့်ပဲသရေစာနှင့် အခြားသောစားသောက်ကုန်ချောများအဖြစ် တွင်ကျယ်စွာ အသုံးပြုနေခြင်းကြောင့် ဈေးကွက်သေချာ၍ အရေးပါသော စိုက်ပျိုးရေးထွက်ကုန် တစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးသည့်ဒေသအလိုက် စိုက်ပျိုးချိန်၊ တူးဖော်သိမ်းဆည်းချိန် မတူညီနိုင်မှုကို တောင်သူများ အလေးဂရုပြုနိုင်ကြရန်နှင့် နည်းပညာပိုင်းအရ လိုက်နာဆောင်ရွက်ရမည့် အချက်များကို စနစ်တကျဖြန့်ဝေပေးရန် လိုအပ်ကြောင်း၊ အလားတူ မျိုးအာလူးများ ထုတ်လုပ်ရာတွင်လည်း ရောဂါဒဏ်ခံနိုင်ပြီး အထွက်နှုန်းကောင်းရန် လိုအပ်သကဲ့သို့ ဈေးကွက်အကြိုက် စားသုံးမှုအရည်အသွေးကောင်းမွန်ရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ဒေသခံတောင်သူများက ရေဖျန်းစနစ်ဖြင့် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် အာလူးစိုက်ခင်းများနှင့် ကြက်သွန်ဖြူ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့် ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်း အဖွဲ့၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**



အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများ ဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူတို့က ဆွေးနွေးဆောင်ရွက်သွားမည့် အမျိုးသားမြေဥပဒေမူကြမ်းပါ အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေး အဖွဲ့ငယ်အဖွဲ့ခေါင်းဆောင်များက အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေး လုပ်ငန်းနှင့်ပတ်သက်၍ ဥပဒေမူကြမ်းအပေါ် စတုတ္ထအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်အရ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်တို့၏အကြံပြုချက်များဖြင့် ပြန်လည်စိစစ်ပြင်ဆင်ထားသည့် မူကြမ်းအခန်းလိုက် ရေးသားပြုစုထားမှုအခြေအနေ၊ တစ်ခန်းချင်း ပုဒ်မ၊ ပုဒ်မခွဲ တစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြကြရာ အစည်းအဝေးတက်ရောက် လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်အကြံပြု ဆွေးနွေးကြသည်။

ရေးဆွဲပြုစုလျက် ရှိသည့် အမျိုးသားမြေဥပဒေတွင် လက်ရှိကျင့်သုံးလျက်ရှိသော ဥပဒေများ၌ မြေနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ဖော်ပြချက်များနှင့် ဥပဒေချင်း ဝိရောဓိဖြစ်နေသော အချက်များရှိပါက ဖြေရှင်းပေးနိုင်မည့်အချက်များ ထည့်သွင်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယအကြိမ် အစည်းအဝေးတွင် မြေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းစီမံချက်နှင့် လုပ်ငန်းအချိန်ကာလ သတ်မှတ်မှုတို့ကို အကြမ်း စတင်ဆွေးနွေးခဲ့ကြပြီး လှည့်လည်စာတွဲနှင့် ထပ်မံအကြံပြုခဲ့မှုများအပေါ် အချောသပ်ပြုစု၍လုပ်ငန်းကော်မတီသို့ တင်ပြပေးနိုင်ခဲ့ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အပြီးသတ် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ထွက်ကုန် ဝါးလက်မှုပစ္စည်းများကို မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားများ စိတ်ဝင်စားနေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာ့ထွက်ကုန် ဝါးလက်မှုပစ္စည်းများကို ဂျပန်နိုင်ငံမှစိတ်ဝင်တစားဝယ်ယူမှုရှိနေသည့်အပြင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားများကလည်း စိတ်ဝင်စားနေကြောင်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း၏ တည်ထောင်သူ ဦးကျော်ဝင်းက ပြောသည်။

ထို့အပြင် အဆိုပါနိုင်ငံသာမက ဝါးလက်မှုပစ္စည်းများကို ပြည်ပမှ စိတ်ဝင်စားမှုရှိနေပြီး ပြည်တွင်းဝယ်ယူမှုလည်း ရှိနေ၍ ရောင်းချသူများအနေဖြင့် ဝင်ငွေကောင်းမွန်ကြောင်းလည်း သိရသည်။ ''ဟိုရက်ကဆိုရင် အမျိုးသမီး တစ်ယောက်က ဝါးလက်မှုပစ္စည်းတွေ အပ်တယ်၊ သင်တန်းပေးတယ်။ ပြန်ရောင်းဖို့အတွက် ပစ္စည်းအမျိုးပေါင်း ၁၀၀ ကျော် ထုတ်တယ်တဲ့။ သူက တစ်လကို သိန်း ၅၀၀ ဖိုးလောက် ရောင်းရတယ်တဲ့။ ဂျပန်တို့ ဘာတို့ကလည်း မှာတယ်လို့ သိရတယ်။ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြတဲ့ နိုင်ငံခြားသားတွေလည်း ဝါးလက်မှုပစ္စည်းများကို စိတ်ဝင်တစား ဝယ်ယူမှုရှိတာကို တွေ့ရတယ်။ ဝါးလက်မှုပစ္စည်းတွေကို ပြည်တွင်း၊ ပြည်ပဝယ်ယူမှုရှိတာမျိုး တွေ့ရပါတယ်'' ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံထုတ် ဝါးလက်မှုပစ္စည်းများနှင့်ပတ်သက်၍ ယခင်ကလည်း ပြည်ပနိုင်ငံများမှ ဝယ်ယူရန် ကမ်းလှမ်းမှုများ ရှိခဲ့ဖူးကြောင်း ပြောကြားသည်။

''ပြည်တွင်း ဈေးကွက်အနေနဲ့ ဝယ်လိုအားလည်း မဆိုးဘူး။ ဈေးနှုန်းလည်းမဆိုးဘူး။ ဒါပေမယ့် လုပ်တဲ့ ကိုင်တဲ့သူတွေက နည်းတဲ့ အခါကျတော့ တွင်တွင်ကျယ်ကျယ် မထုတ်လုပ်နိုင်ဘူး။ ထုတ်လုပ်နိုင်မှုအားက နည်းနေတယ်။ အခုဆိုရင် လူတွေက လက်ရာကောင်းရင် ဈေးကောင်းပေးတယ်။ ပစ္စည်းအရည်အသွေးကို ကြည့်ဝယ်ကြတော့ ပစ္စည်းက အရည်အသွေး ကောင်းရင် ဈေးကောင်း ကောင်းရပါတယ်'' ဟုလည်း ဦးကျော်ဝင်းက ဆိုသည်။ မြန်မာ့ဝါးလက်မှုပစ္စည်းများမှာ ကျပ်ရာဂဏန်းဝန်းကျင်ကစတင်ကာ သိန်းဂဏန်းဝန်းကျင်ခန့်အထိ ပေါက်ဈေးရှိကြောင်းလည်း သိရသည်။

**MT**

## ရွှေတောင်မြို့နယ်၌ ရွေ့လျားဆေးကုသယာဉ်ဖြင့် ကွင်းဆင်းကုသပေး

**ရွှေတောင် ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအား ရွေ့လျားဆေးကုသယာဉ်ဖြင့် ကွင်းဆင်းကုသပေးခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ အမှတ်(၁) အထည်စက်ရုံ (ရွှေတောင်) ရှိ အာမခံအလုပ်သမားများအား အခမဲ့ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ **(ယာပုံ)**



ထိုသို့ ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းကို လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) နေပြည်တော်နှင့် တော်ဝင်နဂါး ရောဂါရှာဖွေရေးစင်တာတို့ပူးပေါင်း၍ စက်ရုံ၊ အလုပ်ရုံရှိ အာမခံအလုပ်သမားများအား အထွေထွေရောဂါကုသရေး ဒေါက်တာ မေမြတ်ထွန်း၊ ဒေါက်တာအိဗွေးငြိမ်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်လူမှုဖူလုံရေးရုံးမှဦးစီးအရာရှိ ဒေါ်ဥမ္မာမြင့်နှင့် ဝန်ထမ်းများက အမှတ်(၁) အထည်စက်ရုံ (ရွှေတောင်) ရှိ အာမခံအလုပ်သမား ၄၇၅ ဦးတို့အား ရောဂါများကို ခွဲခြားစမ်းသပ်ပေးခြင်း၊ ECG စစ်ဆေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့်အခြား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ပြီး လိုအပ်သော ဆေးဝါးများကိုလည်း ထောက်ပံ့ပေးခဲ့သည်။

အဆိုပါ ရွေ့လျားဆေးကုသယာဉ်ဖြင့် ကွင်းဆင်းကုသပေးခြင်းများကို ရွှေတောင်မြို့နယ်အတွင်းရှိ သဘာဝဓာတ်ငွေ့စက်ရုံ၊ ပြည်တောင်တန်းရေနံမြေရှိ လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအား ဆက်လက်၍ ကွင်းဆင်း စစ်ဆေးကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ပဉ္စမအကြိမ် ထမနဲထိုးပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

**မြန်မာ့ဓလေ့ရိုးရာ ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ ဝန်ထမ်းများအချင်းချင်း ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အပြန်အလှန် ညီညွတ်မှုတစ်ခုဖြင့် အသင်းအဖွဲ့ စိတ်ဓာတ်ကို အရင်းခံပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်တတ်စေရန်၊ တစ်ဦးနှင့် တစ်ဦး အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် ပျော်ရွှင်မှုတို့ကို ရရှိစေရန် ရည်ရွယ်ချက်များဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရုံးအမှတ် (၁) ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်း အတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာန ဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်း များ တက်ရောက်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ ကြသည်။ **(အောက်ပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ် နှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာအတိုင်း တပျော်တပါး ထမနဲ ထိုး ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေး မှူးချုပ်နှင့် တာဝန်ရှိသူများသည် ဝန်ကြီးဌာန၏ ဝန်ထမ်းမိသားစုများ စုပေါင်းထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းများကို ဂုဏ်ပြုဆုများ ပေးအပ် ချီးမြှင့်ကြောင်း သိရှိရသည်။ **သတင်းစဉ်**





# ရွှေဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ကျိုက်ပညာယျစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်

**ပဲခူး ဖေဖော်ဝါရီ ၂၂**

ပဲခူးမြို့ရှိ ရှေးမင်းများ အဆက်ဆက်၊ သူတော်ကောင်းများ အဆက်ဆက် တည်ထားကိုးကွယ်တော်မူခဲ့သည့် ရွှေဟောင်းသမိုင်း ဝင်ဆုတောင်းပြည့် ကျိုက်ပညာယျ စေတီတော်မြတ်ကြီး ရွှေထီးတော် တင်လှူပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ရွှေဟောင်းသမိုင်း ဝင် ဆုတောင်းပြည့် ကျိုက် ပညာယျ စေတီတော်မြတ်ကြီး ရွှေထီးတော် တင်လှူပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေး ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး အမှူးပြု သော ဒေသ့ပရိသတ်အပေါင်းက နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ပဲခူးမြို့ မြို့မစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဂန္ဓမာ မဟာထေရ်မြတ်ထံမှ ကိုးပါးသီလ ခံယူဆောက်တည် ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တရားသူကြီး ချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အလှူရှင်များက သံဃာတော်များ ထံ ရွှေထီးတော်နှင့် လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်း ပြီး ပဲခူးမြို့ ဝင်းနိမ္မိတာရုံစာသင် တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒာ ဘိဝံသ မဟာထေရ်မြတ်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနု မောဒနာတရားနာယူ၍ ရေစက် သွန်းလောင်း အမျှအတန်းပေး ဝေကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက စေတီတော်ကြီး အား လက်ယာရစ် လှည့်လည် ပူဇော်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ရွှေထီးတော်ဘုံ အဆင့်များ ပင့်ဆောင်ခြင်းနှင့် တင်လှူပူဇော်ခြင်း အခမ်းအနား ကျင်းပရာ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အလှူရှင်များက ရွှေထီးတော် ဘုံအဆင့်ဆင့်အား မင်္ဂလာရထားပျံ ရှိရာသို့ ပင့်ဆောင်ကြပြီး အမွှေး နံ့သာရည်များ ပက်ဖျန်းသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ အလှူရှင် များက ရွှေထီးတော် ပထမဘုံ အဆင့်အား မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်ခဲ့ကြကြောင်း သိရ သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သာစည်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာဆွေးနွေးပွဲ ကျင်းပ

**သာစည် ဖေဖော်ဝါရီ ၂၂**

သာစည်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ ဆိုင်ရာများနှင့်စပ်လျဉ်း၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ပြည်သူ့စစ်မှုထမ်းဥပဒေ ဆိုင်ရာ သိကောင်းစရာဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မများ၊ ကမ္ဘာ့နိုင်ငံအသီးသီး၌ ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းထား သည့်နိုင်ငံများ စသည်ဖြင့် ရှင်းလင်းပြောကြားပြီး ပြည်သူ့စစ်မှုထမ်း ဥပဒေပါအချက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်း ဆွေးနွေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးတေဇာမြင့်နှင့် မြို့နယ်ဥပဒေအရာရှိ ဦးသဲကိုထွန်းတို့က ပြန်လည်ရှင်းလင်းဖြေကြား ပေးပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ စာရေးဝန်ထမ်းများ၊ မြို့မိမြို့ဖများ တက်ရောက် ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



*○ ရှေ့ဖုံးမှ*

အပန်းဖြေစခန်းတို့၏ အမှတ်သင်္ကေတများ ပြည့်စုံစေရေး၊ ပြည်တွင်း၊ ပြည်ပ ခရီးသွား လုပ်ငန်းများအပြင် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေရေးတို့ အတွက် တာဝန်ရှိသူများက ရေရှည်တည်တံ့ စေရေးအတွက် တောင်သမန်မယ်ဇယ်လွင်ပြင် အဖြစ် အဆင့်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တောင်သမန်မယ်ဇယ်တန်းကို အဆင့် မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်ရ ခြင်းနှင့်စပ်လျဉ်း၍ မန္တလေး မြို့တော်ဝန် ဦးကျော်ဆန်းက “ဒီနေရာ ပတ်ဝန်းကျင်က အရင်က သန့်ရှင်းသပ်ရပ် သာယာလှပမှု မရှိဘူး။ ပြည်တွင်း၊ ပြည်ပ ဧည့်သည်တွေ လာရောက် လည်ပတ်ရင်လည်း အမြင် မတင့်တယ်ဘူးဖြစ်နေတယ်။ မယ်ဇယ်တန်း မှာလည်း အမှိုက်တွေနဲ့ ပြည့်နှက်နေပါတယ်။ သွားလာလို့လည်း မရပါဘူး။ ဒါကြောင့် ဒီနေရာကို သန့်ရှင်းသာယာမှုရှိအောင် အားလုံး ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ကြခြင်းဖြစ်ပါ တယ်။ အခုဆိုရင် အနားယူအပန်းဖြေဖို့ ကောင်းတဲ့နေရာလေး တစ်ခု ဖြစ်နေပါပြီ။ အပန်းဖြေဖို့ လာရောက်ကြတဲ့ ပြည်သူတွေ ကလည်း ဒီမြင်ကွင်းကိုကြည့်ပြီး အရင်နဲ့ ဘာမှမဆိုင်တော့ဘူးဆိုပြီး အံ့သြသွားကြပါ တယ်။ လူမှုကွန်ရက်မီဒီယာတွေမှာလည်း ဦးပိန်တံတားနဲ့ တောင်သမန်မယ်ဇယ်တန်း အကြောင်းကို မျှဝေတာတွေ တွေ့မြင်ရပါ တယ်။ မန္တလေးတိုင်းဒေသကြီးရဲ့ ပြယုဂ် တစ်ခုဖြစ်တဲ့ တောင်သမန်အင်း၊ ဦးပိန်တံတား နဲ့ တောင်သမန်မယ်ဇယ်တန်းကို လာရောက် လည်ပတ်ကြဖို့ ဖိတ်ခေါ်လိုပါတယ်” ဟု ပြောကြားသည်။

အပန်းဖြေစခန်းသို့ လာရောက်ကြသည့် ပြည်သူများ ဒေသထွက် လက်မှုအနုပညာ ပစ္စည်းများအား အမှတ်တရ ဝယ်ယူနိုင်စေရန် အမှတ်တရပစ္စည်း အရောင်းဆိုင်များနှင့် ဒေသ ထွက် အစားအသောက်များကို အပန်းဖြေ အနားယူရင်း ပျော်ရွှင်စွာ စားသုံးနိုင်ရန်အတွက် စားသောက်ဆိုင်များကို ခေတ်မီတိုက်ခန်း များဖြင့် တည်ဆောက်၍ စနစ်တကျခင်းကျင်း ဖွင့်လှစ် ရောင်းချပေးခြင်းတို့ကြောင့်လည်း လာရောက်အပန်းဖြေ အနားယူကြသည့် ပြည်သူများ အထူးသဘောကျ နှစ်ခြိုက်ကြ သည်ကိုလည်း တွေ့မြင်ရသည်။

တောင်သမန်မယ်ဇယ်တန်းသို့ လာရောက် အပန်းဖြေအနားယူသူ တစ်ဦးကလည်း “အရင် ကတော့ အမရပူရ ရောက်ရင် ဦးပိန်တံတားပဲ လည်ပတ်ဖူးတာပါ။ မယ်ဇယ်တန်းရှိတာတော့ သိပေမယ့် သန့်ရှင်းမှုမရှိလို့ မသွားဖြစ်ဘူး။ အခု တောင်သမန်မယ်ဇယ်တန်းကို သာယာ လှပအောင်ဆောင်ရွက်ထားတာကို ကြားသိရ တဲ့အတွက် လာရောက်လည်ပတ် ဖြစ်တာပါ။ ဒီကိုမရောက်ခင်ကတော့ အလွန်ထူးထူး ခြားခြားကြီး မဟုတ်လောက်ဘူး ထင်ခဲ့ပါ တယ်။ ဒါပေမယ့် အခုတွေ့လိုက်ရတဲ့ မြင်ကွင်း ကတော့ ကျွန်တော့်အတွက် အံ့သြစေမိပါတယ်။ မထင်မှတ်ထားတဲ့ အပြင်အဆင်တွေ၊ အလှ အပတွေ၊ သန့်ရှင်းသပ်ရပ်မှုတွေကို မြင်တွေ့ လိုက်ရတဲ့အတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ ကျွန်တော်နဲ့ ကျွန်တော့် မိသားစုကတော့ ဒီကိုလာရောက် လည်ပတ်ခွင့်ရလို့ အလွန်ကို ပျော်ရွှင်နေမိပါ တယ်။ ဒါကြောင့် လာရောက်လည်ပတ်ကြဖို့ တိုက်တွန်းလိုပါတယ်” ဟု ပြောသည်။

ယခုအခါ တောင်သမန်အင်း၊ ဦးပိန် တံတားနှင့် မယ်ဇယ်တန်းသို့ လာရောက် လည်ပတ်ရင်း တောင်သမန်အင်းရေပြင်ပေါ်မှ သမိုင်းဝင် သစ်သားတံတားကြီး၏ ခံ့ထည်စွာ တည်ရှိသော မြင်ကွင်းနှင့် တောင်သမန်အင်း ၏ သဘာဝအလှအပများ၊ ဒေသထွက်အစား အသောက်များကို တစ်နေရာတည်းတွင် လာရောက်ခံစားကြည့်ရှု စားသုံးကြသည့် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များဖြင့် အထူး စည်ကားလျက်ရှိပြီး တောင်သမန်အင်း၏ သန့်ရှင်းသော လေနုအေးများကိုလည်း လတ်ဆတ်စွာ ရှူရှိုက်ခွင့်ရပြီဖြစ်ကြောင်း လည်း သိရှိရသည်။

**မောင်အေးချမ်း**

လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကူဝိတ်နိုင်ငံ၏ (၆၃)နှစ်မြောက် အမျိုးသားနေ့နှင့် (၃၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားတက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

**ကူဝိတ်နိုင်ငံ၏ (၆၃) နှစ်မြောက် အမျိုးသားနေ့နှင့် (၃၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဇနီးတို့ တက်ရောက်ကြသည်။**



ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ကူဝိတ်နိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

**နှုတ်ခွန်းဆက်ပြောကြား**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Mubarak Muhanna Eissa Aladwani က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Mubarak Muhanna Eissa Aladwani တို့က ကူဝိတ်နိုင်ငံ၏ (၆၃)နှစ်မြောက် အမျိုးသားနေ့နှင့် (၃၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

**ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး (ယာပုံ) အခမ်းအနားသို့ တက်ရောက်ကြသူများကို သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးရာဝန်ကြီး ဦးဗိုလ်ဌေးနှင့်ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပဉ္စမတန်း (Grade - 5) နှင့် အခြေခံပညာအလယ်တန်းဆင့် နဝမတန်း(Grade - 9) နှစ်ဆုံးစာမေးပွဲတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုအားပေး





နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးသန့်၊ နေပြည်တော် ကောင်စီနယ်မြေ ပညာရေးမှူး ဒေါက်တာ ကျော်လွင်၊ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပဉ္စမတန်း(Grade-5)နှင့် အခြေခံပညာအလယ်တန်းဆင့် နဝမတန်း (Grade-9) နှစ်ဆုံးစာမေးပွဲတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(အပေါ်ပုံ)**

ထိုသို့ကြည့်ရှုအားပေးရာတွင် ပြည်ထောင်စုဝန်ကြီးက စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ စာဖြေသူနှင့် စာမေးပွဲလုပ်ငန်း အနှောင့်အယှက်မဖြစ်စေရန် အထူးဂရုစိုက်ဆောင်ရွက်ကြစေလိုကြောင်း၊ စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရန်နှင့် စာဖြေခန်းအတွင်းအပြင် သန့်ရှင်းရေးနှင့် လေဝင်လေထွက်ကောင်းမွန်ရေး၊ အလင်းရောင်လုံလောက်စွာရရှိရေး၊ ကျောင်းသား ကျောင်းသူများ စာမေးပွဲကို သက်သောင့်သက်သာ ဖြေဆိုနိုင်ရေးအတွက် စာဖြေခုံများကို စနစ်တကျ ထားရှိစေလိုပါကြောင်း၊ စာမေးပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း တာဝန်ရှိသူများကို မှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှု အားပေး၍ ကျောင်းဝင်းအတွင်း ဥပစိရပ်ကောင်းမွန်ရေး ဆောင်ရွက်ထားမှု အခြေအနေများ၊ ကျောင်းဘောလုံးကွင်းတည်ဆောက်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များတွင် သက်ဆိုင်ရာလုံခြုံရေး တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကာ စနစ်တကျစောင့်ကြပ်ကြည့်ရှုပေး၍ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ အမှတ်(၅) အထည်စက်ရုံ(ပခုက္ကူ)နှင့် အမှတ်(၁၁) အထည်စက်ရုံ (ပခုက္ကူ) များသို့ရောက်ရှိပြီး စက်ရုံမှူးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် စက်ရုံများရှိ ချွတ်ယွင်းနေသည့် စက်ပစ္စည်းများကို ကောင်းမွန်အောင် အမြန်ဆုံးပြုပြင်သွားရန်၊ ယခုဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ အချိန်မီပြီးစီးရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ လာမည့် ဘဏ္ဍာရေးနှစ်တွင် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော စက်အရန်ပစ္စည်းများကိုလည်း ဝယ်ယူဖြည့်တင်းရန်တို့ကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်မှုလျာထားချက် ပြည့်မီရေးအတွက် ရေးဆွဲထားရှိသည့် စီမံချက်များအတိုင်း တိတိကျကျ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအပ်နှံ ဆောင်ရွက်ထားသည့် စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် စက်ရုံ၌ တပ်ဆင်ပြီးစီးသည့် စက်ပစ္စည်းကိရိယာများ၊ စီမံကိန်းဝင် စက်ပစ္စည်းကိရိယာများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး အလေးထား ဆောင်ရွက်ရန်၊ ဘဏ္ဍာရန်ပုံငွေများကို လေလွင့်ဆုံးရှုံးမှု မရှိအောင် စနစ်တကျ သုံးစွဲသွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ယာဉ်အို၊ ယာဉ်ဟောင်းမှ ထွက်ရှိသည့် အင်ဂျင်ပျက်များ၏ အစိတ်အပိုင်းများကို စုစည်းထုပ်ပိုးနေမှု အခြေအနေနှင့် လေးထောင့်တုံး သံမဏိပြားများ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)** လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး အလေးထား လိုက်နာဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဧရာဝတီတိုင်းဒေသကြီးမှ ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာများ ပို့ဆောင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ ပေးပို့လှူဒါန်းသည့် ငါးနီတူခြောက်ကြော် အထုပ် ၆၆၂၀၊ ငါးပိကြော် အထုပ် ၅၄၅၀ နှင့် ငံပြာရည်ကြော် အထုပ် ၄၀၀ တို့ကို ပုသိမ်မြို့မှတစ်ဆင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏လက်ဝယ် အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဧရာဝတီတိုင်းဒေသကြီးမှ ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာများကို ဌာနဆိုင်ရာနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သယ်ဆောင်ပေးစဉ်။ (ဝဲပုံ)

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဧရာဝတီတိုင်းဒေသကြီးမှ ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာများကို တပ်မတော်သားများက လေယာဉ်ပေါ်သို့ တင်ဆောင်စဉ်။ (အပေါ်ပုံ)

# တိုင်းရင်းသားလူမျိုးများရေးရာ လုပ်ငန်းဆောင်တာများကိုဆောင်ရွက်ရာတွင် နိုင်ငံတော်မှပြဋ္ဌာန်းထားရှိသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျမှန်ကန်စွာ ဆောင်ရွက်ရန်လိုအပ်

**ဟားခါး ဖေဖော်ဝါရီ ၂၂**

ချင်းပြည်နယ် ဟားခါးမြို့သို့ ရောက်ရှိနေသော တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ချင်းပြည်နယ် အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး စိန်ထွန်းလှနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဟားခါးမြို့ရှိ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနနှင့် ချင်းပြည်နယ် ညွှန်ကြားရေးမှူးရုံးတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် တွေ့ဆုံ အမှာစကား ပြောကြားသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများသည် တိုင်းရင်းသား လူမျိုးများရေးရာ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ပြဋ္ဌာန်းထားရှိသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျမှန်ကန်စွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်၊ ကျင့်ဝတ်အပါး (၃၀)တို့ကိုလည်း လိုက်နာစောင့်ထိန်းတတ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေများကိုလည်း ဘဏ္ဍာရေး စည်းမျဉ်း၊ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ စနစ်တကျမှန်ကန်စွာ သုံးစွဲရန်နှင့် အလေအလွင့်၊ ဆုံးရှုံးမှု၊ မသမာမှုများမရှိစေရေးနှင့် နိုင်ငံတော်၏ခြိုးခြံချွေတာရေးမူများကိုလည်း အထူးအလေးဂရုပြု လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံလျက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး မျှော်လင့်တောင့်တနေသည့် တိုင်းပြည်သာယာဝပြောရေးကို ဖြစ်ပေါ်လာစေမည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများတွင် ဝန်ထမ်းများအားလုံးက မိမိတို့ ကျရာကဏ္ဍမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး ချင်းပြည်နယ် အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိန်ထွန်းလှက ချင်းပြည်နယ်အတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးတင်ပြကာ ဝန်ထမ်းများက လိုအပ်ချက်နှင့် အခက်အခဲများကို တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ချင်းပြည်နယ် ညွှန်ကြားရေးမှူးရုံး ဝန်ထမ်းများထံ ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

❍ *ကျော်ဖုံးမှ*

တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးမြင့်အောင်က ရန်ကုန်ဂေါက်ကွင်းသို့ အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်ရာ ရန်ကုန်ဂေါက်ကွင်းအမှုဆောင် ဦးစစ်တိုင်းအောင်က လက်ခံရယူသည်။ ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ဝါသနာရှင်အဆင့် သက်ကြီးတန်း အားကစားသမားများ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ရွှေက ဝါသနာရှင်အဆင့် သက်ကြီးတန်းပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၁၅၆ ချက်ဖြင့် ဒုတိယရရှိသည့် ဦးဆန်းမင်း၊ စုစုပေါင်းရိုက်ချက် ၁၅၃ ချက်ဖြင့် ပထမဆုရရှိသော ဦးကိုကိုအေးတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက ဝါသနာရှင်အဆင့် (အမျိုးသမီး)ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၄၄ ချက်ဖြင့် ဒုတိယဆုရရှိသော ခိုင်ဇင်အောင်၊ စုစုပေါင်းရိုက်ချက် ၂၃၁ ချက်ဖြင့် ပထမဆုရရှိသော ပြုံးပြုံးထွေးတို့ကို ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် နာယက ဦးဝင်းလှိုင်က ဝါသနာရှင်အဆင့်တွင် စုစုပေါင်း ရိုက်ချက် ၂၉၇ ချက်ဖြင့် ဒုတိယဆုရရှိသည့် ဇော်ဇော်ထွန်း၊ စုစုပေါင်းရိုက်ချက် ၂၉၅ ချက်ဖြင့် ပထမရရှိသည့် ကျော်ကိုကိုချစ်တို့ကို လည်းကောင်း ဆုပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် ဆုရရှိသူများက အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှင့် သက်ကြီးတန်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ပြီး ဂေါက်သီးရိုက်အားကစားသမား စုစုပေါင်း ၁၉၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**ကိုညီလေး**

**ဓာတ်ပုံ – MGF**

* *ကျော်ဖုံးမှ*

ရှစ်ကြိမ်ရှိခဲ့ပြီး နှစ်ကြိမ် ဂိုးပေါက်တည့်မှုတွင် တစ်ကြိမ် ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် ၂၀၀၉–၂၀၁၀ နောက်ပိုင်း ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ရေး ပေါ်တိုအသင်းကို အဓိက ကစားသမားအများစုဖြင့် ရင်ဆိုင်လာသော်လည်း ဂါလီနို၏ ပွဲပြီးခါနီး သွင်းဂိုးကြောင့် ရှုံးနိမ့်ခဲ့သည့်အတွက် ဒုတိယအကျော့တွင် မဖြစ်မနေ ပြတ်သားသော ရလဒ်ထွက်ပေါ်ရန် ကြိုးပမ်းအားထုတ်ရတော့မည် ဖြစ်သည်။

ပေါ်တိုအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို နာကျင်အချိန်ပို ၉၄ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။

ပေါ်တိုနှင့် အာဆင်နယ်အသင်းတို့၏ ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်ကို မတ် ၁၂ ရက်တွင် အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၂ နာရီခွဲတွင် အခြားသောပွဲစဉ်အဖြစ် နာပိုလီနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

**အောင်ဇော်**

# မွန်ပြည်နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မွန်ပြည်နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင် စုစုပေါင်း ၅၄ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။



စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ် အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြား ပေးမှုများအပေါ် ကျေးဇူးတင်စကားများ



ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ် ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူးအငြိမ်းစား နိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့်ဂန္ဓကုဋိတိုက်၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိသာသနဒ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြား သာသနိကအဆောက်အဦများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား လာရောက်ဖူးမြော် ခဲ့ကြသည့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများအား ယခုလို ကြားသိခဲ့ရပါသည်-

ကျွန်တော်ကတော့ မွန်ပြည်နယ်အစိုးရရဲ့ စီစဉ်ပေးမှုနဲ့ မွန်ပြည်နယ် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားအဖွဲ့နဲ့ ပါလာတဲ့ ဗုဒ္ဓဘာသာဝင် တစ်ယောက်ပါ။ နေပြည်တော်မှာရှိတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးကိုလာရောက်



ဖူးမြော်ရတာရင်ထဲမှာ အတိုင်းမသိ အလွန်ကြည်နူးပီတိဖြစ်ရပါတယ်။ အရင်တုန်းက ဒီဘုရားကြီးစပြီး စကျင်ကျောက်တည်ခဲ့တာတွေကအစ အဆင့်ဆင့်ဌာပနာသွင်းတာ၊ ဘုရားအနေကဇာတင်တာ အကုန်လုံးကိုမြဝတီရုပ်သံမှာ ညစဉ်ညစဉ်မပြတ် သတင်းမှာ အမြဲကြည့်ရှု ခဲ့ရပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ အစီအစဉ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်နဲ့ အခုလို နိုင်ငံ့ဝန်ထမ်းအငြိမ်းစားတွေကို ကုသိုလ်ပွားများနိုင်ဖို့ ဦးဆောင်ပေးခဲ့ရတဲ့ မွန်ပြည်နယ် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားအဖွဲ့များရဲ့ကိုယ်စား အထူးကျေးဇူးတင်ရှိတယ်။ အထူးဝမ်းသာပီတိဖြစ်မိတယ် ဆိုတဲ့အကြောင်း ပထမပြောကြားလိုပါတယ်။ ဒုတိယအချက်ကတော့ ပိုပြီးတော့ပီတိဝမ်းသာ အံ့မခမ်းဖြစ်ရတာကတော့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက ကမ္ဘာမှာ ဉာဏ်တော်အမြင့်ဆုံးဖြစ်တာနဲ့ အညီတစ်ချိန်တည်း တစ်ပြိုင်တည်းမှာ (၇၆)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးမှာ (၁၆) ပါးမြောက်အဖြစ်နဲ့ သာသနဒ့အာဇာနည် မြင်းမူမြို့နယ်က သာသနဒ့အာဇာနည် ဦးပညာသီရိလင်္ကာရက ထေရဝါဒနိုင်ငံမှာ တိပိဋကဓရ တိပိဋကကောဝိဒ (၁၆) ပါးမြောက် ပေါ်ထွန်းခဲ့တာနဲ့ လာပြီးဆုံတဲ့အတွက် ပိုပြီးတော့ ပီတိဖြစ်ရတယ်ဆိုတဲ့ အကြောင်း တင်ပြချင်ပါတယ်။ ကျန်ရှိနေသေးတဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ အဖွဲ့အစည်းတွေလည်း ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးကို အချိန်မရွေးလာရောက် ဖူးမြော်ကြပါလို့ လှိုက်လှိုက်လဲလဲနဲ့ နိဗ္ဗာန်ကိုအကျိုးမြော်ပြီး ဖိတ်ခေါ်လိုပါတယ်။

ဘုရားကြီးကိုရော ဂန္ဓကုဋိတိုက်ကိုပါ အစုံအလင်ဖူးမြော်ခွင့်ရပါတယ်။ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ဆိုရင်တော့ ဒီလောက်စုံမှာမဟုတ်



ဘူး။ အခုလိုဖူးမြော်ရတာကတော့ သာသနာအတွက် လက်ရှိဒီအချိန်မှာ ဒီလိုတည်ဆောက်နိုင်တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါတယ်။ ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနဲ့ အများကြီးဂုဏ်ယူပါတယ်။

ဘုရားပေါ် ရောက်တာနဲ့ ရင်ထဲမှာ အေးချမ်းပြီးတော့ စကျင်ကျောက်တွေဖြစ်တဲ့အတွက် စိတ်ထဲလည်း အေးချမ်းတယ်။ စိတ်ချမ်းသာမှုလည်း ရရှိပါတယ်။ အဲဒီကနေပြီးတော့ ကျွန်မတို့က ဒီ ၂၄ ပစ္စည်းနဲ့ ပြုလုပ်ထားတဲ့ ပိဋကတ်တိုက်တော်တွေကိုလည်း သွားရောက်ဖူးတွေ့ရတယ်။ ၇၃၀ ကျော်ရှိတဲ့ ကျောက်စာတွေကို ကျွန်မတို့က လာရောက်ပြီးတော့ လေ့လာဖူးတွေ့ရတယ်။ ဒီကနေကြည့်လိုက်ရင် တန်းစီပြီးတော့ ညီညီညာညာနဲ့ တည်ထားတာကိုတွေ့ရမယ်။ ဘယ်နေရာက



နေကြည့်ကြည့် တစ်ဖြောင့်တည်း တန်းစီနေတဲ့အတွက် ဝင်ရောက်ပြီးလေ့လာရတဲ့အခါမှာ ကြည်နူးရတယ်။ ဒီကျောက်စာရုံစေတီတွေကြားထဲကနေလည်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုဖူးတွေ့နိုင်သလို ဘယ်နေရာကနေပဲ ကြည့်လိုက်ကြည့်လိုက် အေးချမ်းပြီးတော့ ထင်ထင်ရှားရှားနဲ့ ဖူးတွေ့ရတယ်။ ကျွန်မတို့ အခုဖူးတွေ့ရတာဆိုရင် ကုသိုလ်ကံထူးလို့ ဖြစ်ပါတယ်။ အလွန်လည်း စိတ်ကြည်နူးရပါတယ်။ အေးချမ်းမှုလည်းရတယ်။ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှာရှိတဲ့ ပြည်သူတွေအနေနဲ့လည်း အခုလို ထူးခြားတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြပါလို့ စိတ်အားထက်သန်စွာဖြင့် ဖိတ်ခေါ်အပ်ပါတယ်။ အခုလို စိတ်အေးချမ်းသာစွာ ဖူးမြော်ခွင့်ရအောင်စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိပုဂ္ဂိုလ်များ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောလိုပါတယ်။

**သတင်းစဉ်**



## ဝါးခယ်မမြို့နယ် ကျက်သရေဆောင် သကျမဟာသီရိမြတ်စွာဘုရားကြီး ရွှေထီးတော် ပထမဘုံဆင့်တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ

**ဝါးခယ်မ ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျက်သရေဆောင်သကျမဟာသီရိမြတ်စွာဘုရားကြီး ရွှေထီးတော်ပထမဘုံဆင့်တင်လှူပူဇော်ခြင်းမင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက နောင်တော်ကြီးဘုရားတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဘုရားကြီးဂေါပကအဖွဲ့များနှင့် စေတနာရှင်အလှူရှင်များတက်ရောက်ကာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ဗုဒ္ဓရောင်ခြည်တော်ဖွဲ့သီကျူးပူဇော်ခြင်း၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒွိပိဋကဓရ ဘဒ္ဒန္တခေမာစာရ ကွမ်းခြံကုန်းကျောင်း ဆရာတော်ထံမှ ကိုးပါးသီလခံယူစောင့်တည်ခြင်း၊ သံဃာတော်အရှင်သူမြတ်တို့ထံ ရွှေထီးတော်ပထမဘုံဆင့်နှင့် လှူဖွယ်ဝတ္ထုများဆက်ကပ် လှူဒါန်းခြင်း၊ မြို့နယ်အကြီးအကဲများအမှူးပြုသော ဘုရားဒါယကာ၊ ဒါယိကာမများက ရွှေထီးတော်ဘုံဆင့်များကို ပင့်ဆောင်၍ သကျမဟာသီရိဘုရားကြီးဂန္ဓကုဋိတိုက်အား လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်ကာ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ခြင်း၊ ရွှေထီးတော်ပထမဘုံဆင့်ကို မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်ခဲ့ပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ဟိန်းထက်လင်း(မြန်/ဆက်)**

# Artificial Intelligence (AI) ဉာဏ်ရည်တုနည်းပညာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၂

**Artificial Intelligence (AI) ဉာဏ်ရည်တုနည်းပညာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ Artificial Intelligence (AI) ဉာဏ်ရည်တုနည်းပညာနှင့်စပ်လျဉ်း၍ ဟောပြောမည့် ဒေါက်တာ တင်ဘုန်းကျော်နှင့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**စက်ရုပ်များအသုံးပြု**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် တိုးတက်ပြောင်းလဲလာနေသော နည်းပညာများကို လိုက်ပါသိရှိပြီး လုပ်ငန်းစွမ်းဆောင်ရည်များ ကောင်းမွန်လာစေရန်ရည်ရွယ်၍ နည်းပညာဟောပြောပွဲကို ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ AI နည်းပညာသည် များစွာအသုံးဝင်ပြီး နိုင်ငံတကာတွင် စက်ရုံ၊ အလုပ်ရုံများ၊ အိမ်အကူလုပ်ငန်း စသည့်ကဏ္ဍများတွင် စက်ရုပ်များအသုံးပြုပြီး ဆောင်ရွက်နေကြကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် လူမှုဝန်ထမ်းကဏ္ဍမှ မွေးကင်းစမှ အိုမင်းချိန်အထိ လူမှုရေးဝန်ဆောင်မှုများကို အဆင့်တိုင်း စနစ်တကျပေးနိုင်ရန် လူမှုဝန်ထမ်းမှ ဆောင်ရွက်နေသည့် Social Management Information System ကို အသုံးပြုနေသည့်အတွက် နောင်တွင် အလုပ်လုပ်ရာ၌ ပိုမိုတိကျမြန်ဆန်ပြီး လွယ်ကူလာနိုင်ကြောင်း။

**လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်**

ယခု အသိပညာပေးဟောပြောပွဲမှနေ၍ အသိပညာများ တိုးတက်ရရှိပြီး လုပ်ငန်းခွင်ကျွမ်းကျင်အောင်မြင်မှုရှိစေရန်၊ ပြောင်းလဲလာသည့် နည်းပညာအပေါ် လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ပေးနိုင်ရန် အဓိကလိုအပ်သည့်အတွက် ယခုကဲ့သို့သော နည်းပညာဟောပြောပွဲကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**မေးမြန်းဆွေးနွေး**

ထို့နောက် ဒေါက်တာ တင်ဘုန်းကျော်က စက်မှုတော်လှန်ရေးမှသည် ကွန်ပျူတာနှင့် သတင်းအချက်အလက် နည်းပညာ အပါအဝင် AI နည်းပညာ၏ အဆင့်ဆင့်တိုးတက်ပြောင်းလဲမှု၊ နည်းပညာကြောင့် ရရှိခံစားရနိုင်သည့် ကောင်းကျိုးများနှင့် ဘေးထွက်ဆိုးကျိုးများ၊ ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်း ရှိလာမှု၊ အနာဂတ်တွင် လူသားထုအပေါ် နည်းပညာ၏ လွှမ်းမိုးလာနိုင်မှုများ စသည်တို့နှင့်စပ်လျဉ်းသည့် သိမှတ်ဖွယ်ရာများကို ဆွေးနွေးပြောကြားရာ တက်ရောက်လာသည့် အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဒေါက်တာ တင်ဘုန်းကျော်အား အမှတ်တရလက်ဆောင်ပေးအပ်ပြီး ကျေးဇူးတင်နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီအစည်းအဝေး(၁/၂၀၂၄) ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ၏ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီ အစည်းအဝေး(၁/၂၀၂၄)ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်( ရန်ကုန်) စွယ်တော်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ မြန်မာတိုင်းရင်းသား လူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်များမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွန့်တင်တို့က အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

**ညှိနှိုင်းဆောင်ရွက်**

ဦးစွာ ဒုတိယဝန်ကြီး ဒေါ်နုမြဇံက မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး (၁၃၅) မျိုး၊ အဓိကမျိုးနွယ်စု (၈)မျိုးရှိကြောင်း၊ တိုင်းရင်းသား မျိုးနွယ်စုများ၏ အမျိုးသားဝတ်စုံများသည် သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာအရ အရေးပါကြောင်း၊ တိုင်းရင်းသားဝတ်စုံများကို ဆန်းသစ်တီထွင်မှုများကြောင့် အရိုးပေါ်အရွက်ဖုံး မဖြစ်စေဘဲ အမျိုးသားဝတ်စုံအမှန်ကို သတ်သတ်မှတ်မှတ် ထားရှိရန် လိုအပ်ကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စုအားလုံး၏ သီးခြားစီရှိနေသော ဝတ်စုံများကို တစ်ပြိုင်တည်းအသိအမှတ်ပြု သတ်မှတ်ရန် ခက်ခဲမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုပထမဆုံးအကြိမ်တွင် ပင်မတိုင်းရင်းသားလူမျိုး (၈)မျိုး၏ဝတ်စုံများကို ဦးစားပေးဆွေးနွေးပြီး ကျန်တိုင်းရင်းသားမျိုးနွယ်စုများကိုမူ သုတေသနပြုပြီး အသင့်ရှိလျှင် ရှိသလောက် ဆွေးနွေး တင်ပြစေလိုကြောင်း၊ မျိုးနွယ်စုများ၏ တိုင်းရင်းသားဝတ်စုံမှန် သတ်မှတ်နိုင်ရေးအတွက် သမိုင်းမှတ်တမ်းမှတ်ရာ အထောက်အထားများ၊ မြေပြင်ကွင်းဆင်းလေ့လာ မှတ်တမ်းပြုချက်များ၊ သက်ဆိုင်ရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ကာ အတည်ပြုနိုင်ကြရန် လိုအပ်ကြောင်း၊ အတည်ပြုပြီးနောက် စာအုပ်စာတမ်း၊ ရုပ်သံဗီဒီယိုများဖြင့် ထိန်းသိမ်းမှတ်တမ်းတင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် မြန်မာတိုင်းရင်းသားလူမျိုးများ၏ ဝတ်စုံမှန်သတ်မှတ်ရေးကော်မတီ အတွင်းရေးမှူး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာ ကေသီထွေးက အစည်းအဝေးကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော အမြဲတမ်းအတွင်းဝန်များက ဖြည့်စွက်ဆွေးနွေးကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသား ကိုယ်စားလှယ်များက မြန်မာတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးအတွက် သက်ဆိုင်ရာအလိုက် ရှင်းလင်းဆွေးနွေးကြပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွန့်တင်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါ်နုမြဇံက နိဂုံးချုပ်စကားပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ဟားခါးမြို့၌ ဝန်ထမ်းများနှင့် တွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့နံနက်ပိုင်းက ချင်းပြည်နယ် ဟားခါးမြို့ရှိ ဝန်ထမ်းများကို အစိုးရအဖွဲ့ရုံးတွင် တွေ့ဆုံကာ တစ်ဦးချင်း အခက်အခဲများကို မေးမြန်း၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် လုံခြုံရေးသတိဖြင့် သွားလာနေထိုင်ကြရန်၊ မိမိတို့တန်ဖိုးထားသော ဝန်ထမ်းဘဝ မြင့်မားရေးအတွက် အခွင့်အလမ်းများ ရှာဖွေကြိုးစားကြရန်၊ အထက်အောက် အပြန်အလှန်လေးစားမှု၊ ကူညီရိုင်းပင်းမှုတို့ဖြင့် ဌာနတွင်း စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရန် မှာကြားပြီး ဦးစီးဌာနအလိုက် ဝန်ထမ်းများ၏ တင်ပြချက်များကို လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာတည်သရွေ့ အမိမြေ ခိုင်ခိုင်မြဲရေး ကြိုးစားကြရမယ်

ရဲယံ

ရာသီအလိုက် ပန်းများဖူးပွင့်ရာ၊ စိမ်းလန်းသောတောင်တန်းများတည်ရှိရာ၊ မြစ်ချောင်း အင်းအိုင်များ များစွာတည်ရှိရာ၊ သဘာဝသယံဇာတများ ကြွယ်ဝရာ အမိနိုင်ငံတော်ကြီးသည် အန္တိုင်းမဲ့ပင်။ အမိမြန်မာနိုင်ငံသည် နိုင်ငံသားများ အေးချမ်းစွာ ရှင်သန်နေထိုင်နိုင်ရန် ပြည့်စုံစွာတည်ရှိနေသည်။ ကမ္ဘာတွင် မြန်မာ တည်ရှိနေမှုကို လေ့လာသည့်အခါ ပထဝီအနေအထားအရ ကမ္ဘာကြီး၏ အရှေ့ခြမ်းနှင့် အနောက်ခြမ်းကို ပေါင်းကူးပေးထားသည့် အရှေ့တောင်အာရှတွင် မဟာဗျူဟာကျကျ တည်ရှိနေသည်။ ထို့အတူ အာရှတိုက်တောင်ပိုင်း အိန္ဒိယနှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်အကြား၌လည်း တည်ရှိနေသည်။

ကမ္ဘာ့မြေပေါ်တွင် ပထဝီအနေအထားအရ နိုင်ငံတည်ရှိနေမှုကို ပြုပြင်ပြောင်းလဲ၍မရပေ။ မဟာဗျူဟာကျကျ တည်ရှိနေသည့် မြန်မာတွင် မဟာဗျူဟာကောင်းများ အစဉ်တည်ရှိနေရမည်ဖြစ်သည်။ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍတိုင်းသည် ခိုင်မာတောင့်တင်းနေရမည်ဖြစ်သည်။ သို့မှသာ ကမ္ဘာတည်သရွေ့ ဒါ...တို့ပြည်၊ ဒါ...တို့မြေ၊ တို့ တိုင်းရင်းသားများ ပိုင်သည့်မြေဟု ကြွေးကြော်နိုင်မည်ဖြစ်သည်။

ထို့အတွက် လက်ရှိ ရှင်သန်နေထိုင်ကြသည့် သွေးချင်းသားချင်း နိုင်ငံသားတိုင်းက အားလုံး စုစည်းပိုင်ဆိုင်ရာ အမိနိုင်ငံတော်ကို အနာဂတ်မျိုးဆက်များအထိ လက်ဆင့်ကမ်းနိုင်ရန် ကာကွယ်စောင့်ရှောက်သွားရမည် ဖြစ်သည်။ အမိမြေလုံခြုံရေးနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်များသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်သာ။ “အဖိုးအိုနှင့် သားသုံးယောက်” ပုံပြင်က ပေးသည့် စည်းလုံးမှုအင်အားကို အမြဲအမှတ်ရနေရမည်ဖြစ်သည်။

**နိုင်ငံ့အရေးအရာများ ခိုင်မာမှုမရှိပါက**
**ပြည်ပအန္တရာယ်များ ဝင်ရောက်လာနိုင်**

သို့မဟုတ်ဘဲ ပြည်တွင်းစည်းလုံးမှုကို ပြိုပျက်စေမည့် ကိစ္စရပ်များဆီသို့ ဦးတည်နေပါက နိုင်ငံ့ရေးရာကိစ္စအဝဝသည် ခက်ခဲသော လမ်းကြောင်းပေါ်တွင် တည်ရှိနေလိမ့်မည်။ နိုင်ငံ့အရေးအရာများ ခိုင်မာတောင့်တင်းမှုမရှိပါက ပြည်ပအန္တရာယ်များ ဝင်ရောက်လာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများထဲမှ ပြိုကွဲအောင် ဖြိုခွဲခံလိုက်ရသည့် နိုင်ငံကြီး၊ နိုင်ငံငယ်များ၏ သာဓကဖြစ်ရပ်များကို အမြဲဆင်ခြင်သုံးသပ်ရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံလုံခြုံရေးနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်များကို အနာဂတ်မျိုးဆက်များအထိ ရေရှည်အစဉ်အဆက်ဆောင်ရွက်သွားနိုင်ရန် ရည်မှန်းကာ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ အရန်တပ်ဖွဲ့ဥပဒေ အာဏာတည်သည့် အမိန့်ကြော်ငြာစာများကို ထုတ်ပြန်ပြီးဖြစ်သည်။

သို့သော် တိုင်းပြည်နှင့် လူမျိုး ပြိုစေ၊ ပျက်စေ၊ ခက်ခဲစေရန် ရည်ရွယ်လုပ်ဆောင်နေသည့် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်အဖွဲ့အစည်းများက ယင်းဥပဒေများကို ကြိုဆိုမှုမရှိ။ ပြည်သူများထံ ကောလာဟလ သတင်းများကိုသာ ဆက်တိုက်ဖြန့်ဝေလျက်ရှိသည်။

ဥပဒေအာဏာတည်သည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ထားသည်မှာ ရက်ပိုင်းသာရှိသေးသော်လည်း ကောလာဟလ သတင်းများကတော့ စေ့စုံလှသည်။ ဥပဒေနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ပြည်သူအများစု ရှင်းလင်းသေချာစွာ မသိသေးသည့် အချိန်ကာလကို ပြည်ဖျက်မီဒီယာများက ကောင်းစွာအသုံးချသည်။ ယနေ့ ဥပဒေထုတ်၊ မနက်ဖြန် စစ်မှုထမ်းရတော့မည့်သယောင် ချဲ့ကားရေးသားကြသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်ကြောင်း သတ်မှတ်ခြင်းနှင့် ဆက်နွယ်ကာ အများပြည်သူ ပြည်ပထွက်ခွာခွင့်များ ကန့်သတ်သယောင် ဖြန့်ဝေကြသည်။

**ပြည်ပထွက်ခွာခွင့်များ**
**ဥပဒေနှင့်အညီ စနစ်တကျ**
**ထွက်ခွင့်ဆောင်ရွက်ပေးလျက်ရှိ**

အမှန်မှာမူ ပြည်သူများ၏ ပြည်ပထွက်ခွာခွင့်များအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ပုံမှန်အတိုင်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုအကြောင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်သူများ၏ ပြည်ပထွက်ခွာခွင့်များအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ ကန့်သတ်ချက်များ ထုတ်ပြန်စိစစ် တားဆီးခြင်းမရှိဘဲ အပြည်ပြည်ဆိုင်ရာ လေဆိပ်များဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်လေဆိပ်များအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော နယ်စပ်ဝင်/ထွက်ဂိတ်များမှ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝင်ထွက်ခွင့်ပြုခြင်းများကို ယခင်အတိုင်း ဥပဒေနှင့်အညီ စနစ်တကျ ဝင်/ထွက်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြည်ပထွက်ခွာခွင့်များနှင့်ပတ်သက်၍ မည်သည့်ညွှန်ကြားချက်မျှ သီးခြားထုတ်ပြန် ဆောင်ရွက်ထားခြင်းမရှိကြောင်း အသိပေးကြေညာပြီးဖြစ်သည်။

ဥပဒေတစ်ရပ်ကို တိကျသည့် ရည်ရွယ်ချက်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သတ်မှတ်ချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ကန့်သတ်ချက်များ စသည်ဖြင့် တိတိကျကျ ရေးဆွဲပြဋ္ဌာန်းရသည်။ ပြဋ္ဌာန်းထားသည့် ဥပဒေ၏အခွင့်အရေးကို နိုင်ငံသားတိုင်း ခံစားခွင့်ရှိသည်။ ဥပဒေအရ အကာအကွယ်ပေးမှုကို နိုင်ငံသားတိုင်း ခံစားခွင့်ရှိသည်။ ထို့အတူ ဥပဒေပါ သတ်မှတ်ချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ကန့်သတ်ချက်များကိုလည်း နိုင်ငံသားတိုင်း လိုက်နာရမည်ဖြစ်သည်။ ယခု ပြည်သူ့စစ်မှုထမ်းဥပဒေသည်လည်း ယင်းကဲ့သို့ ရေးဆွဲပြဋ္ဌာန်းထားသည့် ဥပဒေတစ်ရပ်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို လူကြီးလူငယ်မရွေး တိုင်းရင်းသားပြည်သူအားလုံး သိနားလည်ရန်၊ တို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

**မိမိရပ်ရွာဒေသရှိ**
**လုံခြုံရေးဆိုင်ရာတပ်ဖွဲ့များတွင်သာ**
**ထမ်းဆောင်စေရန်ရည်ရွယ်**

၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်းအရ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အကျုံးဝင်သည့်သူ အနည်းဆုံး ၁၃ သန်းရှိကြောင်း ထုတ်ပြန်ထားသည်။ သို့သော် တစ်နှစ်လျှင် စစ်မှုထမ်းရန်ခေါ်နိုင်သည့် လူဦးရေ၊ တာဝန်ကို ထမ်းဆောင်မည့်သူများကို အဆင့်အလိုက်၊ အရည်အချင်းအလိုက် ပေးအပ်ရမည့် လစာ၊ ရိက္ခာ၊ ခံစားခွင့်များ၊ သင်ကြားပေးရမည့် နိုင်ငံတော်ကာကွယ်ရေးပညာရပ်များ စသည်ဖြင့် လိုအပ်သော ပြင်ဆင်ဖွဲ့စည်းမှုများကို ဆောင်ရွက်ရဦးမည်ဖြစ်သည်။ ပြီးမှသာ စနစ်တကျ တာဝန်ထမ်းဆောင်စေမည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်မည့်သူများသည် သင်တန်းပြီးစီးပါက မိမိရပ်ရွာဒေသရှိ လုံခြုံရေးဆိုင်ရာတပ်ဖွဲ့များတွင်သာ အဓိကတာဝန်ထမ်းဆောင်စေရန်ရည်ရွယ်ထားကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရှင်းလင်းပြောကြားထားပြီး ဖြစ်သည်။

“အဓိက စစ်တိုက်ဖို့ဆိုတာထက် လုံခြုံရေး၊ ကာကွယ်ရေးကို ဘယ်လိုအမြင်တွေနဲ့ တာဝန်ထမ်းဆောင်ရမယ်။ လုံခြုံရေး၊ ကာကွယ်ရေး အသိပညာတွေကို ပြည်သူထဲမှာ ပျံ့နှံ့သွားအောင်၊ နောင်ရေရှည်မှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေသည် ကာကွယ်ရေး၊ လုံခြုံရေးနဲ့ပတ်သက်တဲ့ အသိပညာကြွယ်ဝသော၊ မိမိနိုင်ငံကို မိမိအင်အားတောင့်တင်းစွာနဲ့ ခိုင်မာစွာနဲ့ ကာကွယ်နိုင်သော၊ မိမိရဲ့လုံခြုံရေး၊ မိမိရဲ့ကာကွယ်ရေးကို အားလုံးက ဝိုင်းဝန်းဆောင်ရွက်နိုင်သော အခြေအနေမျိုးရောက်ရှိအောင် ဆောင်ရွက်ခြင်းဖြစ်တယ်”ဟု သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရှင်းလင်းထားသည်။

ထို့ပြင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ၂၀-၂-၂၀၂၄ ရက်နေ့က ထပ်မံအသိပေး ပြောကြားရာတွင် “နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်တဲ့နေရာမှာ အခြားနိုင်ငံတွေမှာလည်း အလှည့်ကျ အကျုံးဝင်တဲ့အလျောက် တာဝန်ထမ်းဆောင်ရတာဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ပြီးရင် ဦးစားပေးအလိုက် ဝန်ထမ်းခန့်အပ်တာတွေ၊ ဦးစားပေးအလိုက် အလုပ်ခန့်ထားတာတွေ ဒါတွေသည်လည်း ရှိလာမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့မှာ ရှင်းလင်းပြောကြားလိုတာကတော့ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများကို ခေါ်ဆိုတဲ့နေရာမှာ အမျိုးသမီးတွေကို လတ်တလောခေါ်ယူဖို့ အစီအစဉ်မရှိသေးကြောင်း ရှင်းလင်းစွာပြောကြားလိုပါတယ်” ဟု ပြောကြားခဲ့ပါသည်။

ပြည်သူများအနေဖြင့် ဥပဒေနှင့်စပ်လျဉ်း၍ သိရှိလိုသည့်အချက်များကို ဆက်သွယ်မေးမြန်းနိုင်သည့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့၏ ဖုန်းနံပါတ်များကိုလည်း ထုတ်ပြန်ထားပြီးဖြစ်သည်။ ထို့ကြောင့် ပြည်သူများက သိရှိလိုသည်များကို သက်ဆိုင်ရာဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းခြင်း၊ တရားဝင်ထုတ်ပြန်ချက်များနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းပြောကြားချက်များကို စောင့်ကြည့်လေ့လာခြင်းတို့ဖြင့် မဟုတ်မမှန် ဝါဒဖြန့်ချိမှုများနှင့် ကောလာဟလ သတင်းမှား၊ သတင်းတုများကို ပါဝင်တွန်းလှန်ကြစေလိုပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**“ပြည်တွင်းစည်းလုံးမှုကို ပြိုပျက်စေမည့် ကိစ္စရပ်များဆီသို့ ဦးတည်နေပါက နိုင်ငံ့ရေးရာကိစ္စအဝဝသည် ခက်ခဲသော လမ်းကြောင်းပေါ်တွင် တည်ရှိနေလိမ့်မည်။ နိုင်ငံ့အရေးအရာများ ခိုင်မာတောင့်တင်းမှုမရှိပါက ပြည်ပအန္တရာယ်များ ဝင်ရောက်လာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများထဲမှ ပြိုကွဲအောင် ဖြိုခွဲခံလိုက်ရသည့် နိုင်ငံကြီး၊ နိုင်ငံငယ်များ၏ သာဓကဖြစ်ရပ်များကို အမြဲဆင်ခြင်သုံးသပ်ရမည်ဖြစ်”**

- **တိုင်းပြည်နှင့်လူမျိုး ပြိုစေ၊ ပျက်စေ၊ ခက်ခဲစေရန်ရည်ရွယ်လုပ်ဆောင်နေသည့် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်အဖွဲ့အစည်းများက ယင်းဥပဒေများကို ကြိုဆိုမှုမရှိ။ ပြည်သူများထံ ကောလာဟလသတင်းများကိုသာ ဆက်တိုက်ဖြန့်ဝေလျက်ရှိ**
- **“အဓိက စစ်တိုက်ဖို့ဆိုတာထက် လုံခြုံရေး၊ ကာကွယ်ရေးကို ဘယ်လိုအမြင်တွေနဲ့ တာဝန်ထမ်းဆောင်ရမယ်။ လုံခြုံရေး၊ ကာကွယ်ရေးအသိပညာတွေကို ပြည်သူထဲမှာ ပျံ့နှံ့သွားအောင်၊ နောင်ရေရှည်မှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေသည် ကာကွယ်ရေး၊ လုံခြုံရေးနဲ့ပတ်သက်တဲ့ အသိပညာကြွယ်ဝသော၊ မိမိနိုင်ငံကို မိမိအင်အားတောင့်တင်းစွာနဲ့ ခိုင်မာစွာနဲ့ ကာကွယ်နိုင်သော၊ မိမိရဲ့လုံခြုံရေး၊ မိမိရဲ့ကာကွယ်ရေးကို အားလုံးက ဝိုင်းဝန်းဆောင်ရွက်နိုင်သော အခြေအနေမျိုးရောက်ရှိအောင် ဆောင်ရွက်ခြင်းဖြစ်၊ ဥပဒေနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ပြည်သူအများစု ရှင်းလင်းသေချာစွာမသိသေးသည့် အချိန်ကာလကို ပြည်ဖျက်မီဒီယာများက ကောင်းစွာအသုံးချ**

# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တည်ထောင်ခြင်း (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် အခမ်းအနား ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် တည်ထောင်ခြင်း (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ယင်းတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးနှင့် အငြိမ်းစားပါမောက္ခချုပ်များက ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ငွေရတု အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)** ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ခင်းကျင်းပြသထားသော စာပေကမ္ဘာ လုံးနှင့် ရေလှိုင်းပုံစာအုပ်ပြပွဲ၊ တက္ကသိုလ်ဘာသာရပ် ဌာန ၁၅ ခု၏ ပြခန်းများအား တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့်အဖွဲ့ဝင် ဝန်ကြီးများ၊ ဧည့်သည်တော်များက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ တက္ကသိုလ်ကျောင်းသားကျောင်းသူလေးများက အဖွင့်သီချင်းဖြင့် ဖျော်ဖြေကြပြီး ငွေရတု အထိမ်းအမှတ် ကေပိုဒ်ရတုကို ဖတ်ကြားဂုဏ်ပြု ရွတ်ဆိုကြသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးက ကျေးဇူးတင် စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ထူးချွန်ဆုရ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပါမောက္ခချုပ်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တက္ကသိုလ်ငွေရတု အထိမ်းအမှတ် အဖြစ် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၅ သိန်းနှင့် ဖျော်ဖြေရေးအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ တို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်ရာ ပါမောက္ခချုပ်က လက်ခံရယူသည်။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၏ (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၉ ရက်က ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းများက စုပေါင်းသွေးလှူဒါန်းပြီး ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၁ ရက်အထိ စာတမ်းဖတ်ကြားကြသည်။ ယနေ့ နံနက်တွင် ဖွင့်ပွဲအခမ်းအနားနှင့် ဖေဖော်ဝါရီ ၂၃ ရက်တွင် ဈေးရောင်းပွဲတော်တို့ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးရဲတင့် မန္တလေးတိုင်းဒေသကြီးအတွင်း ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးရဲတင့်သည် ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိ စစ်ဆေးပြီး စက်ရုံမှူးနှင့်ဝန်ထမ်း များအား လိုအပ်သည်များ မှာကြား သည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနရုံးတွင် ခရိုင်ဦးစီးမှူး နှင့် ဝန်ထမ်းများ ထပ်ဆင့်လွှင့် စက်ရုံမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားပြီး ခရိုင်ပြည်သူ့စာကြည့် တိုက်ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး သည် မန္တလေးမြို့ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ အထက် မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြား၍ ကျောင်းသုံးစာအုပ် များ ပုံနှိပ်ထုတ်လုပ်မှုကို ကြည့်ရှု စစ်ဆေးကာ ပုံနှိပ်အရည်အသွေး ကောင်းရေး၊ နောင်တွင် စွမ်းအား ပြည့်ပုံနှိပ်နိုင်ရေးအတွက် ဝန်ထမ်း အင်အား၊ စက်ပစ္စည်းများ ထိန်း သိမ်းရေးနှင့် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ထားရေးတို့ကို မှာကြားသည်။

ယင်းနောက် မန္တလေးတိုင်း ဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနရုံး၌ တိုင်း ဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူး နှင့် မြို့နယ်ဦးစီးမှူးများ၊ မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားသတင်း ဌာနခွဲမှ ဝန်ထမ်းများ၊ ထပ်ဆင့် လွှင့်စက်ရုံ စစ်ကိုင်းဇုန်နယ်မှူး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွား သတင်းစာတိုက်မှ စာတည်းမှူးချုပ်နှင့် တာဝန်ရှိသူ များအား တွေ့ဆုံ၍ လုပ်ငန်း ဆိုင်ရာများ မှာကြားသည်။

ထို့နောက် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်နှင့် စာပေ ဗိမာန် စာအုပ်အရောင်းဆိုင်၊ အောင်မြေသာစံမြို့နယ် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေး ပြီး **(ယာပုံ)** လိုအပ်သည်များ မှာကြားသည်။



ဒုတိယဝန်ကြီးက ဝန်ထမ်း များအား တွေ့ဆုံမှာကြားရာတွင် လူငယ်အသိပညာပေး လုပ်ငန်း များ အရှိန်အဟုန်မပျက်ဆောင် ရွက်ရေး၊ နွေရာသီကျောင်းပိတ် ရက်အတွင်း ကျောင်းသား ကျောင်း သူများအား ဗလငါးတန်ဖွံ့ဖြိုးရေး အတွက် သင်တန်းများဖွင့်လှစ်နိုင် ရန် သက်ဆိုင်ရာများနှင့် တင်ပြ ညှိနှိုင်းဆောင်ရွက်ရေး၊ စစ်မှုထမ်း ဥပဒေအာဏာတည်သည့် အမိန့် ထုတ်ပြန်ခြင်းအပေါ် မီဒီယာများမှ အဖျက်အမှောင့် ကောလာဟလ ထုတ်ပြန်မှုများကြောင့် ပြည်သူ လူထု စိုးရိမ်ပူပန်မှုမရှိရေးအတွက် တတ်နိုင်သည့်ဘက်မှ ရှင်းလင်း ဆွေးနွေးကြရေးနှင့် ဝန်ထမ်းရေးရာ ကိစ္စများ၊ လုံခြုံရေးကိစ္စများ ဂရုပြု ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ သည်။ **သတင်းစဉ် ဓာတ်ပုံ-မြင့်မော်ထွန်း(ပြန်/ဆက်)**

# သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများမှ ပထမနှစ်၊ ဒုတိယနှစ် စာမေးပွဲများ ကျင်းပလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း (မကွေး၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်) များ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်လျက်ရှိသော ပထမနှစ် သင်တန်းသား သင်တန်းသူ ၁၉၃ ဦးသည် ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၄ ရက်အထိ လည်းကောင်း၊ ဒုတိယနှစ်သင်တန်းသား သင်တန်း သူ ၂၅၂ ဦးသည် ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၆ ရက်အထိလည်းကောင်း၊ စုစုပေါင်းသင်တန်းသား သင်တန်း သူ ၄၄၅ ဦးတို့သည် သက်ဆိုင်ရာ သက်မွေးပညာ သင်တန်းကျောင်း များ၌ အရည်အချင်းစစ်စာမေးပွဲ များကို အသီးသီးဖြေဆိုလျက် ရှိသည်။



**သင်ကြားပို့ချပေး**

သင်တန်း ပထမနှစ်တွင် Business Accounting (စာရင်းရေး စာရင်းကိုင်ပညာ)၊ Fundamentals of ICT၊ သမဝါယမ ပညာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒဘာသာရပ် များ၊ ဒုတိယနှစ်တွင် Cost Accounting၊ Financial Accounting၊ Computerized Accounting၊ Business Organization and Management၊ သမဝါယမစာရင်း ကိုင်ပညာနှင့် စာရင်းစစ်ဆေးခြင်း၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ ဘာသာရပ်များကို သင်ကြားပို့ချ ပေးလျက်ရှိသည်။

**ဖွင့်လှစ်ခဲ့**

သမဝါယမစာရင်းရေးစာရင်း ကိုင်သက်မွေးပညာ သင်တန်း ကျောင်းများကို ၂၀၂၂ ခုနှစ် ဇွန်မှ စတင်၍ မကွေးမြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ မော်လမြိုင်မြို့၊ ပုသိမ်မြို့များတွင် ဖွင့်လှစ်ခဲ့သည်။ သင်တန်းသို့ Grade 10 (စနစ်သစ်) အောင်မြင်ပြီးသူများတက်ရောက် နိုင်ပြီး စာရင်းကိုင်ပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်စေ ရန်နှင့် ထူးချွန်သည့်သင်တန်းသား များကို စိစစ်ရွေးချယ်ပြီး သမ ဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ် (သန်လျင်၊ စစ်ကိုင်း) နှင့်သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး)သို့ပေါင်းကူး၍ ပညာ ဆက်လက်သင်ယူနိုင်သည့်အခွင့် အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ် သည်။

အဆိုပါ သင်တန်းသားများ အတွက် စားသောက်စရိတ်၊ တူညီ ဝတ်စုံများနှင့် နေထိုင်ရေးအဆင် ပြေနိုင်စေရန် စီစဉ်ပေးခြင်း၊ သင်တန်းသားများအား လုပ်ငန်း ခွင်တွင် ကျွမ်းကျင်စွာ ဆောင်ရွက် နိုင်စေရန်နှင့် လုပ်ငန်းအတွေ့ အကြုံများ ရရှိစေရန်အတွက် Internship Program များ ထည့် သွင်းရေးဆွဲပြီး သမဝါယမအသင်း များနှင့် စီးပွားရေးအဖွဲ့အစည်း များသို့ လက်တွေ့ကွင်းဆင်း လေ့လာဆောင်ရွက်ခြင်း၊ သင်တန်း ပြီးဆုံးသည့်အခါ ဌာနမှ စီးပွားရေး အဖွဲ့အစည်းများနှင့် သမဝါယမ အသင်းများ၊ ဘဏ်များကိုဖိတ်ခေါ် ၍ မိတ်ဆက်ပွဲအခမ်းအနားများ ပြုလုပ်ကာ ချိတ်ဆက်ဆောင်ရွက် ခြင်းများ လုပ်ဆောင်ပေးလျက် ရှိပြီး သင်တန်းကာလ နှစ်နှစ် အောင်မြင်ပြီးဆုံးပါက Certificate in Business Accounting ပေးအပ်ချီးမြှင့်သွားမည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု သုံးခုနှင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတစ်ခု အတည်ပြု

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ ရက်က ရန်ကင်းမြို့နယ် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ပြုလုပ်သည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ၏ ထုတ်လုပ်သည့်ပစ္စည်းနမူနာ ပြသထားရှိမှုများကို ကြည့်ရှုသည်။ (ယာပုံ)

အစည်းအဝေးတွင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် ဟိုတယ်ဝန်ဆောင်မှုကဏ္ဍတွင် ရခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခု၊ စက်မှုကဏ္ဍတွင် ရခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုနှင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုကို အတည်ပြုပေးခဲ့ပြီး အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ ပြည်တွင်း၌ ၁၀၀ ရာခိုင်နှုန်းရောင်းချမည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဆန်အမျိုးမျိုး ကြိတ်ခွဲတင်ပို့ ရောင်းချခြင်းလုပ်ငန်းများ ဖြစ်သည်။



အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ မြန်မာငွေကျပ်သန်း ၉၁၅၁ ဒသမ ၈၀၀ နှင့် အမေရိကန်ဒေါ်လာ ၀ ဒသမ ၇၀၄ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၉၄ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ အစည်းအဝေးတွင် မတည်ငွေရင်းပမာဏတိုးမြှင့်မည့် လုပ်ငန်းတစ်ခုအပါအဝင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီရှစ်ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

## မြို့နယ်များ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ အသိပညာပေး

**တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိသဘောပေါက်နားလည်စေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် ဟောပြောပွဲများ ကျင်းပနေမှုကို စုစည်းဖော်ပြအပ်ပါသည်-**

### ကလော

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ကလောမြို့နယ် စည်ပင်သာယာရေးခန်းမ၌ ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်က စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးနိုင်လင်းထွန်းနှင့် ခရိုင်ဥပဒေအရာရှိ ဒေါ်မိမိအောင်တို့က ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများက ပြည်သူ့စစ်မှုထမ်းဥပဒေပါ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။ ဆွေးနွေးပွဲသို့ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ကျေးရွာအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။ **(အောက်ပုံ)** **သတင်းစဉ်**



### မြဝတီ

ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ ပြည်သူများ ပြည်သူ့စစ်မှုထမ်းဆိုင်ရာဥပဒေများနှင့် စပ်လျဉ်း၍ သိရှိနိုင်စေရန် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က အမှတ် (၃)ရပ်ကွက် ဖေယျာသိဒ္ဓိဓမ္မာရုံ၌ ကျင်းပရာ မြဝတီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဦးက ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းရခြင်း ရည်ရွယ်ချက်၊ စစ်မှုထမ်းရမည့် အသက်အရွယ်၊ အပိုင်းအခြား၊ စစ်မှုထမ်းဆောင်ရမည့်ကာလ၊ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရမည့်သူများ၊ စစ်မှုထမ်းဆောင်ခြင်းမှ ယာယီရွှေ့ဆိုင်းခွင့်ရနိုင်သူများကို ရှင်းလင်းဆွေးနွေးကာ ရပ်ကွက်နေပြည်သူများက သိရှိလိုသည့်မေးမြန်းမှုကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။ **ဇာဖြူဝင်း(ပြန်/ဆက်)**

### မုဒုံ

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ သတင်းစကားလက်ကမ်းစာစောင်များကို ဖေဖော်ဝါရီ ၂၂ ရက်က ရွှေဟင်္သာဈေးရှေ့၌ မုဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက ပြည်သူများထံ ဖြန့်ဝေပေးခဲ့သည်။ **အောင်မျိုးသူ (ပြန်/ဆက်)**

### နတ်မောက်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က အင်းကုန်း(တ)ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်စင်က ပြည်သူ့စစ်မှုထမ်း၏ ရည်ရွယ်ချက်၊ စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်ရန်ကာလ စသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခြင်းနှင့် မြို့နယ်ဥပဒေအရာရှိ ဦးငြိမ်းချမ်းထွန်းက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သည့် ဥပဒေပါ အဓိပ္ပာယ်ဖော်ပြချက်များကို ရှင်းလင်းပြောကြားသည်။ **လှဝင်း**

### ငါန်းဇွန်

ငါန်းဇွန်မြို့ လောကနတ်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ ဆွေးနွေးပွဲကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းက ပြည်သူ့စစ်မှုထမ်းဥပဒေပါ အကြောင်းအရာများကို အများပြည်သူသိရှိနိုင်ရန် ဆွေးနွေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးမျိုးဇော်အောင်ကပြည်သူ့စစ်မှုထမ်းစနစ် ကျင့်သုံးရခြင်းအကြောင်းရင်းများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာ သတင်းစကားလက်ကမ်းစာစောင်များကို တက်ရောက်လာသူများအား ဖြန့်ဝေပေးကြောင်း သိရသည်။ **သက်နောင်ဦး(ငါန်းဇွန်)**

## မဲခေါင် - လန်ချန်း ရန်ပုံငွေဖြင့် ရေထွက်ပစ္စည်းထုတ်လုပ်နိုင်ရေး အခြေခံသင်တန်းဖွင့်

**သာယာဝတီ ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့၌ မဲခေါင်-လန်ချန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စား မိရိုးဖလာရေထွက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၏ အရည်အသွေးနှင့်အာမခံချက်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ၂၀၂၂ (Phase-II)၏ အထောက်အပံ့ဖြင့် ဖွင့်လှစ်ပို့ချသည့် ရေထွက်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းစွာထုတ်လုပ်နိုင်ရေး အခြေခံသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

သင်တန်းတွင် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ထွန်းက မိရိုးဖလာနည်းဖြင့် ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် အသေးစား၊ အလတ်စားလုပ်ငန်းများကို အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များ လိုက်နာဆောင်ရွက်ခြင်းဖြင့် အရည်အသွေးအာမခံချက်တိုးလာစေရေးနှင့် မြန်မာနိုင်ငံနှင့် မဲခေါင်-လန်ချန်းဒေသတွင်း နေထိုင်သူများ၏ ဝင်ငွေတိုးတက်လာစေရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများ၌ လိုက်နာရမည့်ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်ဆိုင်ရာအချက်များ၊ ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းများတွင် သိရှိလိုက်နာရမည့်အချက်များကို လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာနှင့်ဝန်ထမ်းများက သင်ကြားပို့ချခဲ့ပြီး မြို့နယ်အတွင်းရှိ အသေးစားနှင့်အလတ်စား မိရိုးဖလာရေထွက်ကုန် ထုတ်လုပ်မှုလုပ်ငန်းများမှ လုပ်ငန်းရှင် ၆၅ ဦးနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်း ၁၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အုတ်တွင်းမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်

**အုတ်တွင်း ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် အုတ်တွင်းမြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဖေဖော်ဝါရီ ၂၁ ရက်က မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးလျက်ရှိသည်။

အုတ်တွင်းမြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုလက်လှမ်းမီပြီး ၎င်းတို့၏ ကျန်းမာရေးအဆင့်တိုးတက်မြင့်မားလာစေရန်၊ ရောဂါရှိသော်လည်း ရောဂါလက္ခဏာမပြသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများတွင် ရောဂါရှာဖွေစစ်ဆေးခြင်းဖြင့် ရောဂါများကို စောစီးစွာရှာဖွေတွေ့ရှိ ကုသနိုင်ပြီး ပိုမိုပြင်းထန်သော ရောဂါများနှင့် နောက်ဆက်တွဲပြဿနာများကို ရှောင်လွှဲနိုင်စေရန်၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးအတွက် ငွေကုန်ကြေးကျစိုက်ထုတ်ရမှုလျော့ကျစေရန် ရည်ရွယ်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဦးကျော်မိုးနှင့် ကျန်းမာရေးအဖွဲ့များပူးပေါင်း၍ မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးအသိပညာပေးခြင်းတို့ကိုဆောင်ရွက်ပေးလျက်ရှိသည်။

အုတ်တွင်းမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဦးရေ ၁၈၃၃ ဦးရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာထံမှ သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

## လပွတ္တာမြို့နယ်၌ မီးသတ်တပ်ဖွဲ့ဝင်များအတွက် ရှာဖွေကယ်ဆယ်ရေးမွမ်းမံသင်တန်းဖွင့်

**လပွတ္တာ ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် ရှာဖွေကယ်ဆယ်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ဖွင့်လှစ်သည်။



အခမ်းအနားတွင် လပွတ္တာခရိုင် မီးသတ်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်မျိုးမြင့်က လပွတ္တာမြို့နယ်အတွင်း ငလျင်ဘေးအန္တရာယ်အပါအဝင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက ရှာဖွေကယ်ဆယ်ရေးစွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်နှင့် ခေတ်မီအဆင့်မြင့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများ စနစ်တကျ ကျွမ်းကျင်စွာ အသုံးပြုတတ်ရမည်ဖြစ်ကြောင်း၊ လေ့ကျင့်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်နှင့် လေ့ကျင့်မှ ကျွမ်းကျင်မှုများ ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းကို ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၁၅ ရက်အထိ သင်ကြား ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတွင် စာတွေ့နှင့် လက်တွေ့ သရုပ်ပြသခြင်းများဖြင့် သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# တရုတ်နိုင်ငံတောင်ပိုင်း၌ ကုန်တင်သင်္ဘောတစ်စင်း တံတားကို ဝင်တိုက်ပြီးနောက် ငါးဦးသေဆုံး



**ကွမ်ကျိုး ဖေဖော်ဝါရီ ၂၂**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်းပြည်နယ် ကွမ်ကျိုး၌ ဖေဖော်ဝါရီ ၂၂ ရက်တွင် သင်္ဘောတစ်စင်းက တံတားတစ်စင်းကို ဝင်တိုက်ပြီးနောက် တံတားကျိုးပြီး (ယာယီ) လူငါးဦး သေဆုံးခဲ့သည်။

သေဆုံးသူများမှာ ဘတ်စ်ကားမောင်းသမားတစ်ဦး၊ ဆိုင်ကယ်သမားတစ်ဦး၊ တံတားအောက်ရှိ ရေထဲသို့ ပြုတ်ကျသွားသည့် ကားများပေါ်ပါ သုံးဦးတို့ဖြစ်ကြသည်။

အဆိုပါမတော်တဆမှုသည် ဒေသစံတော်ချိန် နံနက် ၅ နာရီခွဲခန့်က ဖြစ်ပွားခဲ့သည်။ ကုန်တင်သင်္ဘောတစ်စင်းသည် နန်ရှာဒေသ လီဆင်ရှာတံတားကို ဝင်တိုက်မိချိန်တွင် အဆိုပါ မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါမတော်တဆမှုတွင် မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ ယာဉ်ငါးစီးပါဝင်ခဲ့သည်။ ယာဉ်နှစ်စီးမှာ မြစ်ထဲသို့ထိုးကျသွားပြီး တခြားယာဉ်များမှာ သင်္ဘောပေါ်သို့ ပြုတ်ကျသွားခဲ့ကြောင်း ကနဦးဖော်ပြချက်များအရ သိရသည်။

ဒဏ်ရာရရှိခဲ့သော တခြားသုံးဦးကို ဆေးကုသမှုခံယူရန် ဆေးရုံသို့ပို့ခဲ့သည်။ ၎င်းတို့အနက် နှစ်ဦးမှာ တံတားပေါ်မှ ပြုတ်ကျပြီး အရိုးကျိုးခဲ့သည်။ ၎င်းတို့၏အခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိကြောင်း ဆွန်ယက်ဆင်ဆေးရုံ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# အစ္စရေးသို့ တိုက်ရိုက်ပျံသန်းမှု ယူနိုက်တက်အဲလိုင်း ပြန်လည်စတင်တော့မည်




**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၂**

အမေရိကန် လေကြောင်းလိုင်းကုမ္ပဏီဖြစ်သည့် ယူနိုက်တက်လေကြောင်းလိုင်းသည် မတ် ၂ ရက်မှစတင်ကာ အစ္စရေးသို့ တိုက်ရိုက်ပြေးဆွဲပျံသန်းမှု ပြန်လည်စတင်တော့မည်ဟု ဖေဖော်ဝါရီ ၂၂ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါ လေကြောင်းလိုင်းသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက် အစ္စရေး – ဟားမားစ် ပဋိပက္ခဖြစ်ပွားသည့် အချိန်မှစတင်ကာ အစ္စရေးသို့လေကြောင်းပြေးဆွဲပျံသန်းမှုကို ရပ်နားခဲ့ခြင်းဖြစ်သည်။ ယူနိုက်တက်လေကြောင်းလိုင်းသည် နယူးရက်ခ်လစ်ဘာတီ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဘင်ဂူရီယန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့အကြား ပြေးဆွဲမှုကို ပြန်လည်စတင်မည်ဖြစ်သည်။

ပထမဆုံး ပြေးဆွဲပျံသန်းမည့်ခရီးစဉ်နှစ်ခုတွင် မြူးနစ်မြို့၌ ရပ်တန့်မည်ဖြစ်သည်။ ပျံသန်းပြေးဆွဲမှုများကို ဆက်တိုက်ဝန်ဆောင်မှုပေးနိုင်ရေး ထောက်ပံ့မှုများအားလုံး သေချာစေရန် ထိုသို့ ပြုလုပ်ခြင်းဖြစ်သည်။ အစ္စရေးသို့ ပျံသန်းပြေးဆွဲမှုများ စတင်သည့်အပေါ် လုံခြုံစိတ်ချစေရန်အတွက် အသေးစိတ်ခွဲခြမ်းစိတ်ဖြာမှုများ ပြုလုပ်သွားမည်ဖြစ်သည်ဟု ကုမ္ပဏီဘက်က ပြောသည်။ လုံခြုံရေးကျွမ်းကျင်သူများ၊ အမေရိကန်နှင့် အစ္စရေးတို့မှ အစိုးရအရာရှိများ လေကြောင်းအဖွဲ့အစည်းများနှင့် အနီးကပ် လက်တွဲလုပ်ဆောင်သွားမည်ဟုလည်း ပြောသည်။

အခြားသောဆိုင်းငံ့ထားသည့် လမ်းကြောင်းများဖြစ်သည့် တဲလ်အဗီးမြို့မှ ဝါရှင်တန်ဒီစီ၊ ချီကာဂိုနှင့် ဆန်ဖရန်စစ္စကိုတို့သို့ ပြေးဆွဲမည့်ခရီးစဉ်များကိုလည်း ယခုနှစ်ဆောင်းရာသီတွင် ပြန်လည်စတင်နိုင်ရန် အကဲဖြတ်မှုများ လုပ်ဆောင်သွားမည်ဟု ကုမ္ပဏီကကြေညာခဲ့သည်။

ဆင်ဟွာ

# ခြောက်သွေ့သောရာသီဥတု၌ ရေကိုချွေတာကြရန် သီရိလင်္ကာ တိုက်တွန်း

**ကိုလံဘို ဖေဖော်ဝါရီ ၂၂**

သောက်သုံးရေအဖြစ် အဓိကအသုံးပြုနေသည့် မြစ်များတွင် ရေသိသိသာသာကျဆင်းလာသည့်အတွက် ခြောက်သွေ့ရာသီ၌ ရေကိုချွေတာသုံးစွဲကြရန် သီရိလင်္ကာ အမျိုးသားရေပေးဝေရေးနှင့် ရေနုတ်မြောင်းဘုတ်အဖွဲ့(NWSDB) က ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြည်သူများကို တိုက်တွန်းခဲ့သည်။

## မျှော်လင့်၍ မရနိုင်သေး

နိုင်ငံအတွင်း နှစ်လကျော်ကြာသည်အထိ မိုးရွာသွန်းရန် မျှော်လင့်၍ မရနိုင်သေးကြောင်း (NWSDB) မှ ဒုတိယအထွေထွေမန်နေဂျာ အန်နိုဂျာကာလူရာရာချီက ပြောသည်။ ကီလာနီမြစ်တွင် ရေသိသိသာသာကျဆင်းနေသည့်အပေါ် စိုးရိမ်ပူပန်မှုများကို ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။

## ရေလိုအပ်ချက်များပြား

အဆိုပါမြစ်သည် ကိုလံဘိုနှင့် အနီးပတ်ဝန်းကျင်ဒေသများအတွက် သောက်သုံးရေအဓိက အားထားရသည့်မြစ်လည်းဖြစ်သည်။ သီရိလင်္ကာနိုင်ငံသည် လူဦးရေသိပ်သည်းဆများပြားပြီး ရေလိုအပ်ချက်များပြားသည့် တောင်အာရှနိုင်ငံတစ်ခုဖြစ်သည်ဟု အဆိုပါအရာရှိ၏ ပြောကြားချက်အရ သိရသည်။

သီရိလင်္ကာနိုင်ငံ၌ ခြောက်သွေ့သည့် ရာသီဥတုကို သီတင်းပတ်ခြောက်ပတ်ကြာတွေ့ကြုံခဲ့ပြီး မြစ်များတွင် ရေများသိသိသာသာကျဆင်းလျက်ရှိသည်။ ထို့ကြောင့် ရေဖြန့်ဖြူးပေးရေးတွင် လာရောက်ထိခိုက်လျက်ရှိသည်။

ဆင်ဟွာ

# မက္ကဆီကိုတောင်ပိုင်း၌ ပြိုင်ဘက်ရာဇဝတ်ဂိုဏ်းအချင်းချင်းပစ်ခတ်မှုတွင် ၁၂ ဦးသေဆုံး



**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂၂**

မက္ကဆီကိုတောင်ပိုင်း ဂူရီယိုပြည်နယ်၌ ပြိုင်ဘက်ရာဇဝတ်ဂိုဏ်းအချင်းချင်း ထိပ်တိုက်ရင်ဆိုင်ပစ်ခတ်ကြရာ ၁၂ ဦး သေဆုံးခဲ့ကြောင်း သမ္မတ အန်းဒရက်စ် မန်နျူရယ်လိုပက်ဇ် အိုဘရာဒေါက ဖေဖော်ဝါရီ ၂၁ ရက်က ပြောကြားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိပြီး အမျိုးသားကာကွယ်ရေးတပ်ဖွဲ့များလည်း အခင်းဖြစ်ပွားရာ၌ ရှိနေကြောင်း လိုပက်ဇ်အိုဘရာဒေါက မက္ကဆီကိုမြို့တော် အမျိုးသားနန်းတော်၌ ကျင်းပသော နေ့စဉ်သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များကို ပြောကြားခဲ့သည်။ သက်ဆိုင်ရာအာဏာပိုင်များသည် အသေးစိတ်အချက်အလက်များကို မကြာမီဖော်ထုတ်ပြသသွားမည်ဖြစ်ကြောင်း ဒေသမီဒီယာများတွင် ဖော်ပြထားသည်။

ဆင်ဟွာ

# ယီမင်ကမ်းရိုးတန်းတွင် ကုန်တင်သင်္ဘောတိုက်ခိုက်ခံရ

**အေဒင် ဖေဖော်ဝါရီ ၂၂**

ယီမင်နိုင်ငံ အရှေ့တောင်ဘက်ကမ်းရိုးတန်းတွင် ဖေဖော်ဝါရီ ၂၂ ရက်က ကုန်တင်သင်္ဘောတစ်စင်း ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခံရပြီး သင်္ဘောပေါ်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်ဟု ဗြိတိန်ပင်လယ်ရေကြောင်းကုန်သွယ်မှု အော်ပရေးရှင်းအေဂျင်စီ (UKMTO) က အစီရင်ခံတင်ပြထားသည်။

## တက်ကြွစွာလုပ်ဆောင်လျက်ရှိ

ဆိပ်ကမ်းမြို့ဖြစ်သည့် အေဒင်မြို့မှ အရှေ့တောင်ဘက် ရေမိုင် ၇၀ အကွာရှိ ကုန်တင်သင်္ဘောတစ်စင်း ဒုံးကျည်ဖြင့် တိုက်ခိုက်ခံရကြောင်း အစီရင်ခံစာ လက်ခံရရှိခဲ့သည်ဟု ပင်လယ်ရေကြောင်းအေဂျင်စီက ပြောသည်။ မည်သည့်သင်္ဘောအမျိုးအစားဖြစ်ကြောင်းနှင့် မည်သည့်ကုန်များ တင်ဆောင်လာခြင်းဖြစ်ကြောင်းကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိချေ။ အဆိုပါအခြေအနေကိုဖြေရှင်းရန် အမေရိကန်-ဗြိတိန်ညွှန့်ပေါင်းရေတပ်များက တက်ကြွစွာလုပ်ဆောင်လျက်ရှိသည်ဟု ဖော်ပြခဲ့သည်။

## သတိပေးကြရန် တိုက်တွန်း

သင်္ဘောအမှုထမ်းများသေဆုံးခြင်း ရှိ မရှိကိုမူ မသိရသေးချေ။ အဆိုပါဖြစ်ရပ်ဖြစ်ပွားပြီးသည့်နောက် ယင်းနေရာတွင် ဖြတ်သန်းသွားလာမည့် သင်္ဘောများအနေဖြင့် ဂရုစိုက်ကြရန် (UKMTO) က သတိပေးခဲ့သည်။ သင်္ဘောကြီးများ ဖြတ်သန်းသွားလာသည့်အခါ ရေကြောင်းလုံခြုံရေးကို ထိခိုက်စေနိုင်မည့် မသင်္ကာဖွယ်ရာဖြစ်ရပ်မျိုးနှင့် တွေ့ကြုံပါက သတိပေးကြရန် တိုက်တွန်းထားသည်။

ဆင်ဟွာ

# ဗင်နီဇွဲလားနိုင်ငံ အရှေ့တောင်ပိုင်း၌ မိုင်းတွင်းပြိုကျပြီး ၁၅ ဦးသေဆုံး

**ကာရာကတ် ဖေဖော်ဝါရီ ၂၂**

ဗင်နီဇွဲလားနိုင်ငံ အရှေ့တောင်ပိုင်း ဗိုလီဗာပြည်နယ်၌ မိုင်းတွင်းပြိုကျခဲ့သောကြောင့် ၁၅ ဦးသေဆုံးခဲ့ပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဗင်နီဇွဲလားသမ္မတ နီကိုလက်စ်မာဒူရိုက မကြာသေးမီက ပြောကြားခဲ့သည်။

ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို အဆိုပါဒေသတွင် ဖြန့်ကြက်ထားပြီး ပိတ်မိမိုင်းတွင်းလုပ်သားများကို ရှာဖွေလျက်ရှိကြောင်း သမ္မတက ဆက်လက်ပြောကြားသည်။

မိမိတို့သည် အရပ်ဘက်ကာကွယ်ရေးအဖွဲ့များကို ဘိုလီဗာပြည်နယ်အုပ်ချုပ်ရေးမှူးအန်ဂျယ်မာကာနိုနှင့်အတူ အခင်းဖြစ်ပွားရာသို့ ချက်ခြင်းဖြန့်ကြက်စေလွှတ်ထားကြောင်းနှင့် ကယ်ဆယ်ရေးများကို အားသွန်ခွန်စိုက်လုပ်ဆောင်လျက်ရှိကြောင်း မာဒူရိုက ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ဆင်ဟွာ

# တိရစ္ဆာန်သေဆုံးမှုနှုန်း ၆၆၀၀၀၀ ကျော်အထိရှိလာတဲ့ မွန်ဂိုလီးယားနှင်းမုန်တိုင်း

နွယ်နီလင်း



မွန်ဂိုလီးယားနိုင်ငံသည် အာရှတိုက် အရှေ့ပိုင်းနှင့် အလယ်ပိုင်းတွင် တည်ရှိသည့် ကုန်းတွင်းပိတ်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ မြောက်ဘက်တွင် ရုရှားနိုင်ငံ၊ တောင်ဘက်၊ အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် ထိစပ်နေသည်။

မွန်ဂိုလီးယားနိုင်ငံ၌ ယခုအခါ နှင်းထူထပ်စွာကျရောက်ခြင်းနှင့် နှင်းမုန်တိုင်းတိုက်ခတ်ခြင်းတို့ကြောင့် မြို့တော်အူလန်ဘာတာ၌ အသွားအလာကန့်သတ်ချက်များ ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲပိုင်းတွင် ပြဋ္ဌာန်းထားသည်ဟု အမျိုးသားအရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီ (အင်န်အီးအမ်အေ) က ကြေညာထားသည်။

### ရာသီဥတုအခြေအနေကြောင့် လမ်းများပိတ်ထား

မွန်ဂိုလီးယားနိုင်ငံ၌ ဆိုးရွားသည့် ရာသီဥတုအခြေအနေကြောင့် ဆပ်ဘာတာ၊ ခန်းတီအိ၊ ဒေါ်နော့၊ ဒန်းဂိုဗီ၊ အမ်နူဂိုဗီနှင့် ယူဗာခန့်ဂိုင်ပြည်နယ်တို့မှ မြို့တော်အူလန်ဘာတာသို့ ဆက်သွယ်ထားသည့် လမ်းများကို သတ်မှတ်ထားသည့်ကာလအတွင်း ပိတ်ထားခဲ့ရသည်ဟု အင်န်အီးအမ်အေက ထုတ်ပြန်ထားသည်။

ဖေဖော်ဝါရီ ၁၅ ရက် ညပိုင်းမှစကာ နိုင်ငံ၏ အနောက်ပိုင်းမှ အရှေ့ပိုင်းအထိ နှင်းထူထပ်စွာကျရောက်ခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့် နှင်းမုန်တိုင်းများ တိုက်ခတ်ခြင်းတို့ကြောင့် လမ်းများအေးခဲပြီး လမ်းမမြင်ရခြင်းတို့ ဖြစ်ပွားခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံ၌ နှင်းထူထပ်စွာကျရောက်ခြင်းနှင့် နှင်းမုန်တိုင်းတို့ကြောင့် ဖေဖော်ဝါရီ ၁၉ ရက်ကလည်း ခြံမွေးတိရစ္ဆာန်စောင့်ရှောက်သူ အမျိုးသမီးတစ်ဦးသေဆုံးခဲ့သည်။ နှင်းမုန်တိုင်းကြောင့် ပျောက်ဆုံးနေသည့် လူ ၄၉ ဦးကို အသက်ရှင်လျက်တွေ့ရှိခဲ့သည်။

### ပျောက်ဆုံးနေသူများကို ရှာဖွေမှုများ လုပ်ဆောင်လျက်ရှိ

လက်ရှိတွင် အရှေ့ပိုင်းဆပ်ဘာတာပြည်နယ်၊ အနောက်ပိုင်းဘာရန်-အယ်ဂီအိနှင့် ခို့ပြည်နယ်တို့တွင် ပျောက်ဆုံးနေသူများကို ရှာဖွေမှုများလုပ်ဆောင်လျက်ရှိသည်ဟု အဆိုပါအေဂျင်စီက ဆိုသည်။

နိုင်ငံအတွင်း ပြည်နယ် ၂၁ ခုအနက် အရှေ့ပိုင်းခန်းတီအိ၊ ဒေါ်နော့၊ ဆပ်ဘာတာနှင့် ဒေါ်နိုဂိုဗီနှင့် အနောက်အလယ်ပိုင်းအာခန်းဂိုင်ပြည်နယ်တို့တွင် တိရစ္ဆာန်သေဆုံးမှုအများဆုံးဖြစ်သည်။

ထို့ပြင် တိရစ္ဆာန်ထိန်းကျောင်းသူနေအိမ် ၁၃၅၀၀ ထက်မနည်းမှာ နှင်းဖုံးလွှမ်းသွားခဲ့ပြီး နှင်းထုမှာ ၁၀၀ စင်တီမီတာ(လက်မ ၄၀ ခန့်) အထိရှိသည်။ လမ်းအရှည် ၃၈၄၀၀ ကီလိုမီတာမှာလည်း နှင်းထူထပ်စွာကျရောက်မှုကြောင့် ပိတ်ခဲ့ရသည်ဟု ပြည်နယ်အရေးပေါ်ကော်မရှင်က ဆိုသည်။

### နိုင်ငံသားများကို ဘေးအန္တရာယ်များ အထူးသတိပြုရန် တိုက်တွန်းထား

မွန်ဂိုလီးယားနိုင်ငံ၌ နိုင်ငံသားများ အထူးသဖြင့် လှည့်လည်သွားလာနေထိုင်သည့် တိရစ္ဆာန်ထိန်းကျောင်းသူများနှင့် ယာဉ်မောင်းများကို ဖြစ်နိုင်ခြေရှိသည့် ဘေးအန္တရာယ်များကို အထူးသတိပြုရန် အမျိုးသားအရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီက တိုက်တွန်းထားသည်။

မွန်ဂိုလီးယားနိုင်ငံ၏ ပြည်နယ်အားလုံးနီးပါးမှာ ယခုနှစ်ဆောင်းရာသီတွင် "dzud" ဟု အမည်သတ်မှတ်ထားသော ဆိုးရွားသည့်ရာသီဥတုနှင့် ကြုံတွေ့နေရပြီး နိုင်ငံ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ နှင်းများဖုံးလွှမ်းသွားသည်ဟု နိုင်ငံ၏ မိုးလေဝသစောင့်ကြည့်ရေးအေဂျင်စီက ဆိုသည်။

> ◆ နိုင်ငံတစ်ဝန်း ၂၀၂၃ ခုနှစ် နှစ်ကုန်အထိ နိုင်ငံအတွင်း တိရစ္ဆာန်အရေအတွက်မှာ ၆၄ ဒသမ ၇ သန်းရှိပြီး ယခုနှစ်ဆောင်းရာသီတွင် ရာသီဥတုဆိုးရွားမှုကြောင့် တိရစ္ဆာန်ကောင်ရေ ၆၆၇၈၄၁ ကောင်ခန့် သေဆုံးခဲ့ရသည်။ အဆိုပါနိုင်ငံ၌ လေပြင်းများ တိုက်ခတ်ခြင်း၊ နှင်းမုန်တိုင်းနှင့် ဖုန်မုန်တိုင်းများ မကြာခဏ တိုက်ခတ်လေ့ရှိပြီး ဆိုးရွားသည့်ရာသီဥတုရှိ

### အစိုးရက အမေရိကန်ဒေါ်လာ ၆ ဒသမ ၃ သန်း ထောက်ပံ့ပေးမည်ဟု ဆုံးဖြတ်ခဲ့

မွန်ဂိုလီးယားနိုင်ငံအစိုးရသည် ဆိုးရွားသည့်ရာသီဥတုနှင့် ကြုံတွေ့ရသည့် ပြည်နယ်များနှင့် အိမ်ခြေယာမဲ့များကို ကူညီရန် အမေရိကန်ဒေါ်လာ ၆ ဒသမ ၃ သန်း ထောက်ပံ့ပေးမည်ဟု ဆုံးဖြတ်ခဲ့သည်။

ထို့ပြင်မွန်ဂိုလီးယားအစိုးရက သဘာဝဘေးဒဏ်ခံ လှည့်လည်သွားလာနေထိုင်သည့် တိရစ္ဆာန်ထိန်းကျောင်းသူများကို ကူညီပေးလျက်ရှိပြီး မြက်ခြောက်နှင့် တိရစ္ဆာန်စာ တန် ၂၀၀၀၀ ကိုလည်း အဆိုပါဒေသများသို့ ပေးပို့ခဲ့သည်။ ထို့ပြင် မွန်ဂိုလီးယားအနုပညာရှင်များကလည်း ၎င်းတို့ကို ကူညီရန် အလှူငွေကောက်ခံရေး လှုပ်ရှားမှုများကိုလည်း လုပ်ဆောင်လျက်ရှိသည်။

အဆိုပါထောက်ပံ့ငွေများကို ဆိုးရွားသည့်ရာသီဥတုဒဏ် ခံစားရပြီး လှည့်လည်သွားလာနေထိုင်သော တိရစ္ဆာန်ထိန်းကျောင်းသူများဆီသို့ အစားအစာများနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ ပေးပို့ခြင်း၊ သေဆုံးသွားသည့်တိရစ္ဆာန်များ မြှုပ်နှံခြင်း၊ ပိုးသတ်ခြင်းနှင့် ကျေးလက်ဒေသများဆီသို့ မရှိမဖြစ်လိုအပ်သည့် ပစ္စည်းများ ပေးပို့ရန်အတွက် ဓာတ်ဆီဝယ်ယူရာတွင် သုံးစွဲသွားမည်ဟု နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်နယ်အရေးပေါ်ကော်မရှင်၏ အကြီးအကဲက ပြောကြားသည်။

ယင်းနိုင်ငံတစ်ဝန်း ၂၀၂၃ ခုနှစ် နှစ်ကုန်အထိ နိုင်ငံအတွင်း တိရစ္ဆာန်အရေအတွက်မှာ ၆၄ ဒသမ ၇ သန်းရှိပြီး ယခုနှစ်ဆောင်းရာသီတွင် ရာသီဥတုဆိုးရွားမှုကြောင့် တိရစ္ဆာန်ကောင်ရေ ၆၆၇၈၄၁ ကောင်ခန့် သေဆုံးခဲ့ရသည်။ အဆိုပါနိုင်ငံ၌ လေပြင်းများ တိုက်ခတ်ခြင်း၊ နှင်းမုန်တိုင်းနှင့် ဖုန်မုန်တိုင်းများ မကြာခဏတိုက်ခတ်လေ့ရှိပြီး ဆိုးရွားသည့်ရာသီဥတုရှိသည်။ ။ *ကိုးကား-ဆင်ဟွာ*

Over 600,000 livestock die in cold winter in Mongolia

Mongolia provides 6.3 mln USD in aid to overcome harsh winter

Five missing in Mongolia due to heavy snow, blizzards

Mongolia's capital, provinces impose traffic restrictions due to blizzards

> ❊ မွန်ဂိုလီးယားအစိုးရက သဘာဝဘေးဒဏ်ခံ လှည့်လည်သွားလာနေထိုင်သည့် တိရစ္ဆာန်ထိန်းကျောင်းသူများကို ကူညီပေးလျက်ရှိပြီး မြက်ခြောက်နှင့် တိရစ္ဆာန်စာ တန် ၂၀၀၀၀ ကိုလည်း အဆိုပါဒေသများသို့ ပေးပို့ခဲ့သည်။ ထို့ပြင် မွန်ဂိုလီးယားအနုပညာရှင်များကလည်း ၎င်းတို့ကို ကူညီရန် အလှူငွေကောက်ခံရေး လှုပ်ရှားမှုများကိုလည်း လုပ်ဆောင်လျက်ရှိ



အေးခဲပြီး သေဆုံးနေသော တိရစ္ဆာန်များကို မွန်ဂိုလီးယားအစိုးရ တာဝန်ရှိသူများက ဖယ်ရှားရှင်းလင်းနေစဉ်။

# အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ (သို့မဟုတ်) “တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး ဆန်းသစ်တီထွင်နိုင်သော ပြည်သူ့ဗဟိုပြု အာဆီယံ”

ဒေါက်တာဝါဝါမောင်

*(ယမန်နေ့မှအဆက်)*

(စ) ဒေသတွင်းနှင့် ကမ္ဘာ့အရေးကိစ္စများ အပါအဝင် အဖွဲ့ဝင်နိုင်ငံများ၏ လိုလားချက်များကို အာဆီယံ၏ ဘုံဝိသေသလက္ခဏာများဖြစ်သော လိုက်လျောညီထွေစွာနှင့် တုံ့ပြန်နိုင်စွမ်းမြင့်မားစွာဖြင့် ဆောင်ရွက်နိုင်မှုကို ထင်ဟပ်စေသည့် အသိုက်အဝန်းတစ်ခုဖြစ်ပေါ်စေရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ဆ) အာဆီယံအသိုက်အဝန်း တည်ထောင်ရာတွင် ထိရောက်စွာနှင့် အပြည့်အဝပါဝင်စေခြင်းဖြင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသော၊ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အမျိုးသမီးများအား အလေးထား ထည့်သွင်းဆုံးဖြတ်သည့် အသိုက်အဝန်းတစ်ခုဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ဇ) ယနေ့ခေတ်ကာလတွင်ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့သည့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်း၊ အာဆီယံ၏ ဝိသေသလက္ခဏာ၊ စံတန်ဖိုးနှင့် အရေးပါမှုကို မြှင့်တင်ဆောင်ရွက်ခြင်းနှင့် တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး ဆန်းသစ်တီထွင်နိုင်စွမ်းရှိသော အာဆီယံအသိုက်အဝန်းအား ပိုမိုခိုင်မာအားကောင်းလာစေရေး ဆောင်ရွက်ရာတွင် လူငယ်များမှ အကျိုးရှိထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်သော အသိုက်အဝန်းတစ်ခုဖြစ်ပေါ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ဈ) အာဆီယံ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာနှင့် ရိုးရာဓလေ့များကို တန်ဖိုးထားမြှင့်တင်ခြင်းနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းစုများကို မြှင့်တင်ခြင်းနှင့် အာဆီယံ၏ အနှစ်သာရကို တန်ဖိုးထားဂုဏ်ယူသောအသိုက်အဝန်းတစ်ခု ဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ည) အာဆီယံအား ငြိမ်းချမ်းသော၊ အားလုံးပါဝင်သော၊ ကျန်းမာကြံ့ခိုင်သော၊ ပညာရေးနှင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သော အကောင်းဆုံးသော အားကစားဗဟိုဌာနအဖြစ် ပေါ်ထွန်းလာစေမည့် အားကစားများကို မြှင့်တင်ပေးသည့် အသိုက်အဝန်းတစ်ခုဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ပေါင်းစည်းဆက်နွှယ်မှု (Connectivity)**

**ပေါင်းစည်းဆက်နွှယ်မှုနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဖော်ပြပါဝင်ပါသည်–**

(က) ငွေကြေး လွှဲပြောင်းပေးချေမှုများအတွက် ဘဏ္ဍာရေးဆိုင်ရာ အခြေခံအဆောက်အဦများ ချိတ်ဆက်ထားခြင်း၊ ဒီဂျစ်တယ်ဆိုင်ရာ ဆန်းသစ်တီထွင်မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်ထားခြင်း၊ ဆိုက်ဘာလုံခြုံရေး ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ထားခြင်း၊ စီမံအုပ်ချုပ်မှုစနစ် ကောင်းမွန်စေခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ထောက်ပံ့ဖြည့်ဆည်းမှု ကွင်းဆက် ထိရောက်အားကောင်းစေရေး ဆောင်ရွက်ထားခြင်း၊ သတင်းအချက်အလက်များအား ထိရောက်စွာ နယ်စပ်ဖြတ်ကျော်စီးဆင်းနိုင်ခြင်း၊ ဒေသတွင်းရှိ ပြည်သူအချင်းချင်း အကြား ချိတ်ဆက်မှုအားကောင်းစေခြင်းနှင့် ရေရှည်တည်တံ့သည့် အခြေခံအဆောက်အဦများ တည်ဆောက်ထားခြင်း အပါအဝင် အာဆီယံနိုင်ငံ နှစ်နိုင်ငံအကြားဖြစ်စေ၊ အာဆီယံဒေသတွင်း နိုင်ငံများအကြားဖြစ်စေ ပေါင်းစည်းဆက်နွှယ်မှုများ မြှင့်တင်ထားခြင်းကြောင့် ဘက်ပေါင်းစုံတွင် အလွယ်တကူ ချိတ်ဆက်ဆောင်ရွက်နိုင်သော အသိုက်အဝန်းတစ်ခု။ အာဆီယံအနေဖြင့် အခြားသောဒေသခွဲနှင့် နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်များ အပါအဝင် အဓိကကျသည့် ချိတ်ဆက်မှုများကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် အာဆီယံဒေသတွင်း ပေါင်းစည်းဆက်သွယ်မှု အားကောင်းစေရေး ဒေသတစ်ခုလုံး ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ခ) အာဆီယံနိုင်ငံများရှိ မြို့များအား ရေရှည်တည်တံ့သည့်မြို့တော်များနှင့် ခေတ်မီသည့် မြို့တော်များအဖြစ် အဆင့်မြှင့်တင်ခြင်း အပါအဝင် ခေတ်မီနည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ အခြေခံအဆောက်အဦများ အဆင့်မြှင့်တင်ကာ အနာဂတ်တွင် မြို့ပြဖွံ့ဖြိုးမှုများ ရရှိအောင် စီမံဆောင်ရွက်နိုင်စွမ်းရှိသည့် အသိုက်အဝန်းတစ်ခုဖြစ်ပေါ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**အဖွဲ့အစည်းဆိုင်ရာ အားကောင်းခိုင်မာစေခြင်း (Institutional Strengthening)**

**အာဆီယံအဖွဲ့အစည်းဆိုင်ရာ အားကောင်းခိုင်မာစေခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖော်ပြပါဝင်ပါသည်–**

“အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ဖော်ဆောင်နိုင်ရေးအတွက် အာဆီယံမှ လုံလောက်သောဘဏ္ဍာငွေများ ပံ့ပိုးနိုင်သော၊ ကဏ္ဍအားလုံး၊ မဏ္ဍိုင်အားလုံးတွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရေးအတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ပံ့ပိုးဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာစိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်သော အနာဂတ်အတွက် အသင့်ဖြစ်နေသော၊ ရှင်းလင်းပြတ်သားသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်သော၊ တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းအားကောင်းသော၊ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်သော အာဆီယံ၏ အဖွဲ့အစည်းများ၊ ကဏ္ဍအလိုက် ဖွဲ့စည်းထားသည့် ကော်မတီအဖွဲ့များနှင့် ယန္တရားများဖြင့် အဖွဲ့အစည်းဆိုင်ရာ ထိရောက်ထက်မြက်သော စွမ်းဆောင်ရည်များမြှင့်တင်ခြင်းဖြင့် အာဆီယံ၏ အချက်အချာကျမှုကို တည်တံ့စေသည့်အသိုက်အဝန်းတစ်ခု ဆောင်ရွက်သွားမည်ဖြစ်ပါသည်။”

**ကျွန်ုပ်တို့၏ ကတိပြုချက် (Our Commitment)**

**ကျွန်ုပ်တို့၏ ကတိပြုချက်အဖြစ် အောက်ပါအတိုင်း ဖော်ပြပါဝင်ပါသည်–**

“အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ပံ့ပိုးမှုနှင့်အတူ အာဆီယံလုပ်ငန်း ပေါင်းစပ်ညှိနှိုင်းရေးကောင်စီ၊ အာဆီယံအသိုက်အဝန်းကောင်စီများ၊ အာဆီယံပေါင်းစည်းဆက်နွှယ်မှု ညှိနှိုင်းရေးကော်မတီများအား တာဝန်ပေးအပ်ခြင်းဖြင့် တက်ကြွ၍ကြံ့ခိုင်မှုရှိပြီး ဆန်းသစ်တီထွင်နိုင်စွမ်းရှိသော ပြည်သူ့ဗဟိုပြုအာဆီယံအဖြစ် ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံရေးဆိုင်ရာလုံခြုံမှု၊ စီးပွားရေး၊ လူမှုယဉ်ကျေးမှု၊ ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာအားကောင်းစေမှု စသည့်အာဆီယံမျှော်မှန်းချက်ပါ ကတိကဝတ်များကို ထိရောက်စွာနှင့် အပြည့်အဝအကောင်အထည်ဖော်နိုင်ရေးအတွက် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ကို သဘောတူချမှတ်ကြပါသည်။”

> “ယနေ့ခေတ်ကာလတွင် ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့သည့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်း၊ အာဆီယံ၏ ဝိသေသလက္ခဏာ၊ စံတန်ဖိုးနှင့် အရေးပါမှုကို မြှင့်တင်ဆောင်ရွက်ခြင်းနှင့် တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး ဆန်းသစ်တီထွင်နိုင်စွမ်းရှိသော အာဆီယံအသိုက်အဝန်းအား ပိုမိုခိုင်မာအားကောင်းလာစေရေး ဆောင်ရွက်ရာတွင် လူငယ်များမှ အကျိုးရှိထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်သော အသိုက်အဝန်းတစ်ခုဖြစ်ပေါ်စေရေး ဆောင်ရွက်သွားမည်ဖြစ်”

**သုံးသပ်ချက်များ**

စာရေးသူအနေဖြင့် ၂၀၁၀ ပြည့်နှစ်များကတည်းက တာဝန်ယူဆောင်ရွက်ခဲ့ရသည့်ဌာနနှင့် နယ်ပယ်အသီးသီးအလိုက် အာဆီယံနှင့်ဆက်စပ်ပတ်သက်သမျှသော ခေါင်းစဉ်အသီးသီးတွင် အစည်းအဝေးများ၊ ဖိုရမ်များ၊ အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်ခဲ့ဖူးသူဖြစ်ပါသည်။ အာဆီယံအဖွဲ့၏ ဖြစ်ပေါ်မှု၊ ကမ္ဘာ့ပထဝီနိုင်ငံရေး (Geo Politics) နှင့် ပထဝီစီးပွားရေး (Geo Economy) ပြောင်းလဲမှု အလားအလာများအရ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်ရေးအတွက် မျက်ခြည်မပြတ် ရှာဖွေလေ့လာကြိုးစားဆောင်ရွက်ရန် လိုအပ်မည်ဟု သုံးသပ်ပါသဖြင့် နောင်လာမည့် နှစ် ၂၀ အတွင်း လိုက်ပါဆောင်ရွက်ကြရမည့် ဒေသတွင်း လမ်းပြမြေပုံအရ စာဖတ်ရှုသူများ ကြိုတင်လေ့လာစဉ်းစား စီမံနိုင်ရန် အောက်ပါအတိုင်း သုံးသပ်ဖော်ပြအပ်ပါသည်–

**နိုင်ငံရေး**

(က) အာဆီယံ ပူးပေါင်းဆောင်ရွက်မှုများသည် ယခင်ဆယ်စုနှစ်က အာဆီယံပဋိညာဉ်တွင် ဖော်ပြပါဝင်သည့်အတိုင်း အဖွဲ့ဝင်နိုင်ငံများ၏ ဘုံသဘောတူညီချက် (Consensus Orientation) အပေါ် အခြေခံဆောင်ရွက်ပြီး အဖွဲ့ဝင်နိုင်ငံများကို ဗဟိုပြု၍ Member Centric ဖြစ်ခဲ့သော်လည်း ယခုအခါ **နိုင်ငံတကာဥပဒေများပါ အခြေခံမူများအပေါ် အခြေခံသည့်၊** ဥပဒေစိုးမိုးမှုအပေါ် အခြေခံသော အဖွဲ့အစည်းအဖြစ် ဆက်လက်ရပ်တည်သွားမည့် Rule Based Institution အဖြစ်သို့ ပြောင်းလဲ ရပ်တည်သွားမည့် အလားအလာရှိကြောင်း တွေ့ရှိရ သည်၊

(ခ) ကမ္ဘာ့ပထဝီနိုင်ငံရေး တင်းမာမှုများနှင့် အားပြိုင်မှုများအကြားတွင် အာဆီယံ ဦးဆောင်သော ယန္တရားများမှတစ်ဆင့် အာဆီယံ၏ အချက်အချာကျမှုနှင့် အရေးပါမှုကို ထိန်းသိမ်းနိုင်ရန်နှင့် ဒေသတွင်းနှင့် ကမ္ဘာ့အရေးကိစ္စများတွင် အာဆီယံ၏ ရပ်တည်ချက်ကို ထင်ဟပ်စေရေး၊ စည်းမျဉ်း အခြေပြု နိုင်ငံတကာဆက်ဆံရေးကို တိုးချဲ့ဆောင်ရွက်မည့် Global ASEAN အဖြစ်သို့ ဦးတည်လာကြောင်း တွေ့ရှိရသည်၊

(ဂ) အာဆီယံ၏ မျှော်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အင်ဒို–ပစိဖိတ်ဒေသတွင်း အသိုက်အဝန်းတစ်ခုဖြစ်စေရန်နှင့် အင်ဒို–ပစိဖိတ် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှု၏ ဗဟိုချက်ဖြစ်ပေါ်စေရန် ရည်ရွယ်ထားကြောင်း တွေ့ရပါသည်၊ အမေရိကန်နိုင်ငံဘက်မှ အာဆီယံအား အင်ဒို– ပစိဖိတ် စီးပွားရေးမူဘောင် (Indo–Pacific Economic Framework –IPEF) အား အကောင်အထည်ဖော်ဆောင်ရွက်ရန် ကမ်းလှမ်းထားသကဲ့သို့ ASEAN Outlook on the Indo–Pacific (AOIP) အား ထုတ်ပြန်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိပါသည်။ အင်ဒို–ပစိဖိတ်ဒေသတွင်း အာဆီယံ၏ မဟာဗျူဟာရပ်တည်မှု၊ အားပြိုင်မှုနှင့် ရပ်တည်မှုအခင်းအကျင်း ပြောင်းလဲလာခဲ့သဖြင့် အင်အားကြီးနိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေးအရ အားပြိုင်ရာဒေသမဖြစ်စေရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု (Regional Peace and Stability) အတွက် မဟာဗျူဟာကျကျ ဆောင်ရွက်နိုင်ရေးသည် လွန်စွာအရေးပါသောကြောင့် ချိတ်ဆက်လျက်ရှိပါသည်။ အင်ဒို–ပစိဖိတ်ဒေသ၏ ဗဟိုချက်မ (Hub) အဖြစ်ဆောင်ရွက်လိုသည့် သဘောထားရပ်တည်ချက်ရှိကြောင်း တွေ့ရှိရပါသည်၊

(ဃ) ပြင်ပမိတ်ဖက်များနှင့် ဆက်ဆံရေးတွင် အာဆီယံ၏ ဗဟိုအချက်အချာကျမှု (ASEAN Centrality) ကို ခိုင်မာအားကောင်းလာစေရန် ဆောင်ရွက်သွားရန် ရှိသော်လည်း အဖွဲ့ဝင်နိုင်ငံများအကြား ခွဲခြား ဆက်ဆံမှုမရှိစေရေးကိုမူ ဂရုပြုရန် လိုအပ်မည်ဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါသည်၊

(င) ပြတ်သားသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် အာဆီယံရှိအဖွဲ့အစည်းများအား ခိုင်မာအားကောင်းလာစေရေး ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ လုပ်ငန်းစဉ်များကိုလည်း ပြင်ဆင်ချမှတ်သွားရန်ရှိပါသည်၊

*(ဆက်လက်ဖော်ပြပါမည်)*

# ထိုင်းနိုင်ငံ ဓမ္မကာယကျောင်းတိုက်ကြီး၌ပြုလုပ်မည့် ဆီမီးတစ်သန်း ပူဇော်ပွဲသို့ ထိုင်းရောက်မြန်မာနိုင်ငံသားများကိုလည်း ဖိတ်ခေါ်ထား



ယမန်နှစ်က ပြုလုပ်ခဲ့သော မာဃပူဇာနေ့ အခမ်းအနားမြင်ကွင်း။

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ထိုင်းနိုင်ငံ၏ နာမည်ကျော် ဓမ္မကာယကျောင်းတိုက်ကြီး ၌ တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီ ၂၄ ရက်)တွင် ပြုလုပ်မည့် မာဃပူဇာနေ့ ဆီမီးတစ်သန်း ပူဇော်ပွဲသို့ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများကိုလည်း ဖိတ်ခေါ်ထားပြီး ကြို၊ ပို့ ကားစီစဉ်ပေးမည်ဟု အဆိုပါပူဇော်ပွဲ ပြုလုပ်မည့် ဓမ္မကာယကျောင်းတိုက်မှ အသိပေးထားကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားတစ်ဦးက ပြောသည်။

အဆိုပါ ကျောင်းတိုက်ကြီးမှာ ထိုင်းနိုင်ငံ ပထုဌာနီမြို့တွင် တည်ရှိခြင်းဖြစ်ကာ အဆိုပါ ပူဇော်ပွဲသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာခေါင်းဆောင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဗုဒ္ဓဘာသာဝင် လူဦးရေ နှစ်သိန်းကျော် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

တပို့တွဲလပြည့်နေ့ကို မြန်မာနိုင်ငံတွင် ဩဝါဒပါတိမောက်အခါတော်နေ့ဟု ခေါ်ဝေါ်ပြီး ထိုင်းနိုင်ငံနှင့် အခြားသောနိုင်ငံများတွင် မာဃပူဇာနေ့ဟု သတ်မှတ်ခေါ်ဝေါ်ကြကာ အဆိုပါနေ့မှာ ဓမ္မကာယကျောင်းတိုက် တည်ထောင်ခြင်း (၅၄) နှစ်မြောက်နေ့လည်းဖြစ်ကြောင်း သိရသည်။

"ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားတွေကိုလည်း ဖိတ်ခေါ်ထားပါတယ်။ ဒါက ပြောရမယ်ဆိုရင် ထိုင်းနိုင်ငံမှာ ဗုဒ္ဓဘာသာနဲ့ ပတ်သက်လို့ အကြီးကျယ်ဆုံး ပွဲတစ်ပွဲလည်း ဖြစ်ပါတယ်။ ဒီပွဲကို လာမယ့်သူတွေအတွက် ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေလည်း ထုတ်ပြန်ပေးထားပါတယ်။ ကားကြိုပို့ကတော့ အနည်းဆုံး လူ ၄၅ ဦး ပြည့်မယ်ဆိုရင် စီစဉ်ပေးမယ်လို့ သိရပါတယ်"ဟု အထက်ပါ မြန်မာနိုင်ငံသားက ပြောသည်။

အဆိုပါ အခမ်းအနားတွင် ဘုရားရှိခိုး၊ စုပေါင်းတရားထိုင်ခြင်းလည်း ပါဝင်မည်ဖြစ်ပြီး ကမ္ဘာပေါ်တွင် လူအများဆုံး စုပေါင်းတရားထိုင်ခြင်းအဖြစ် ဂင်းနက်စ်မှတ်တမ်းအဖွဲ့က ကြေညာခြင်း၊ အခမ်းအနား ဦးဆောင်ဆရာတော်က မာဃပူဇာ အခမ်းအနားဂါထာကို ရွတ်ဖတ်ခြင်း၊ မာဃပူဇာဆီမီးကို ဦးဆောင်ဆရာတော်မှတစ်ဆင့် ဒါယကာများထံ အဆင့်ဆင့် လက်ဆင့်ကမ်း ထွန်းညှိကာ မဟာဓမ္မကာယစေတီတော်ကို လက်ယာရစ် လှည့်လည်ပူဇော်ခြင်း၊ ဆီမီးကပ်လှူပြီး အဓိဋ္ဌာန်ပြုဆုတောင်းခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်းလည်း သိရသည်။

**ထက်ဦးမောင်**

# မြိတ်မြို့ သီတဂူစက္ခုဒါနဆေးရုံ အခမဲ့ဆေးကုသခန်း၌ မျက်စိရောဂါများကိုပါ ကုသပေးမည်

**မြိတ် ဖေဖော်ဝါရီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားနယ်မြေ တပ်ပြင်ရပ် စပါးရွှေဝါလမ်းရှိ သီတဂူဇီဝိတစက္ခုဒါနဆေးရုံ ဆေးကုသခန်း၌ မြိတ်ခရိုင်အတွင်းရှိ သံဃာတော်နှင့် သီလရှင်များအား ကျန်းမာရေး အခမဲ့ စမ်းသပ်စစ်ဆေးကုသပေးနေသည့်အပြင် ဖေဖော်ဝါရီ ၂၃ ရက်မှစတင်ကာ သံဃာတော်နှင့် သီလရှင်များ၏ မျက်စိရောဂါဝေဒနာများကိုပါ အခမဲ့ စမ်းသပ်စစ်ဆေး ကုသပေးမည်ဖြစ်ကြောင်း သိရသည်။



သီတဂူဇီဝိတ စက္ခုဒါနဆေးရုံ ဆေးကုသခန်းတွင် အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ သံဃာတော်နှင့် သီလရှင်များအား ဆရာဝန်ကြီးများဖြင့် အခမဲ့ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းကို ၂၀၂၃ ဇွန်လမှ စတင်၍ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိအချိန်အထိ သံဃာတော် ၁၃၂ ပါး၊ သာမဏေ ၁၇၉ ပါး၊ သီလရှင် ၂၃ ပါးနှင့် ကျောင်းသား ၂၄ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်ပေးနိုင်ခဲ့သည်။

ထိုသို့ ကျန်းမာရေးစစ်ဆေးကုသပေးသည့်အပြင် ဖေဖော်ဝါရီ ၂၃ ရက်မှစတင်ကာ သံဃာတော်နှင့် သီလရှင်များ၏ မျက်စိရောဂါဝေဒနာများကိုပါ မျက်စိရောဂါ စမ်းသပ်စက်များဖြင့် အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် နံနက် ၉ နာရီမှ ၁၁ နာရီအထိ အခမဲ့စမ်းသပ်စစ်ဆေး ကုသပေးမည်ဖြစ်သည်။

မြိတ်ခရိုင်အတွင်းရှိ သံဃာတော်နှင့် သီလရှင်များအား အခမဲ့ဆေးကုသပေးခြင်းကို မြိတ်မြို့ သီတဂူ ဇီဝိတ စက္ခုဒါနဆေးရုံ ဩဝါဒါစရိယဆရာတော်များ၏ လမ်းညွှန်မှု၊ ဆေးရုံစီမံစောင့်ရှောက်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် အထူးကုဆရာဝန်ကြီးများက ဆောင်ရွက်ပေးလျက်ရှိကာ ယခုအခါ မျက်စိရောဂါ ဝေဒနာများကိုပါ အခမဲ့ စမ်းသပ်ကုသပေးမည်ဖြစ်သည့်အပြင် ပြည်သူများ၏ မျက်စိရောဂါဝေဒနာများကိုလည်း စရိတ်မျှပေး အစီအစဉ်ဖြင့် စမ်းသပ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# ဂန့်ဂေါခရိုင်၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အသိပညာပေးဆွေးနွေး

**ဂန့်ဂေါ ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ ဖေဖော်ဝါရီ ၂၁ ရက်က ပြုလုပ်ရာ ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ခေတ္တအဖွဲ့ခေါင်းဆောင် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ဇော်ဝင်းက အဂတိလိုက်စားမှုများကို တားဆီးကာကွယ်ခြင်း၊ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ စသည်တို့ကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဦးကျော်ကျော်လင်းက အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ သတင်းပေးဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေများ စသည်တို့ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ခရိုင်/မြို့နယ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ခေတ္တအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။ **ထင်အောင်နိုင်(ဂန့်ဂေါ)**



# စစ်ကိုင်းတိုင်းဒေသကြီး၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ဧကနှစ်သိန်းခွဲ စိုက်ပျိုးမည်

**မုံရွာ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် ခရိုင် ၁၄ ခရိုင်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန်နှင့် ဒေသတွင်း ဆန်ဖူလုံပိုလျှံစေရေးအတွက် နွေစပါး စိုက်ဧက ၂၅၀၀၀၀ လျာထား စိုက်ပျိုးဆောင်ရွက်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး စိုက်ပျိုးခြင်းကို သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေးအတွက် ရည်ရွယ်၍ အစိုးရဆည်ရေ၊ လျှပ်စစ်ရေတင်စနစ်၊ ရေစုပ်စက်စနစ်နှင့် မြေအောက်ရေစနစ်တို့ဖြင့် စိုက်ပျိုးရေကို အကျိုးရှိစွာ အသုံးချပြီး စိုက်ပျိုးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ခရိုင် ၁၄ ခရိုင်မှာ သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေဖို့၊ ဒေသတွင်း ဝမ်းစာဖူလုံပိုလျှံစေဖို့နဲ့ ဒေသခံတောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့အတွက် နွေစပါး စိုက်ပျိုးခြင်းကို သဖန်းဆိပ်၊ သာစည်၊ ထန်းစလုပ် စတဲ့ ဆည်ရေသောက်ဧရိယာတွေမှာ အဓိကထားစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ တစ်တိုင်းလုံး နွေစပါး စိုက်ဧက ၂၅၀၀၀၀ လျာထားပြီး အစိုးရဆည်ရေ၊ လျှပ်စစ်မြစ်ရေတင်စနစ်၊ မြေအောက်ရေ၊ တောင်သူတွင်းနဲ့ ချောင်းရေတို့ကို အသုံးပြုပြီး ဒေသနဲ့ကိုက်ညီတဲ့ နည်းစနစ်များနဲ့ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ အဓိကစိုက်ပျိုးတဲ့ နွေစပါးမျိုးတွေကတော့ ရွှေသွယ်ရင်၊ ဆင်းသုခ၊ ရက်(၉၀)၊ IR-747 စတဲ့ စပါးမျိုးတွေ ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးစိုက်ပျိုးမည့် ဒေသခံတောင်သူများ သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်စေရန် အခြေခံစိုက်ပျိုးရေး နည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ မြေဆီလွှာအာဟာရ ထက်သန်ကောင်းမွန်စေရန် သွင်းအားစုပစ္စည်းများ အချိန်ကိုက်အချိုးကျ မှန်ကန်စွာ သုံးစွဲတတ်စေရေး၊ ရေကို အကျိုးရှိစွာအသုံးချတတ်စေရေးနှင့် ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးနည်းပညာများကို လိုက်နာကျင့်သုံးနိုင်စေရေးအတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ပညာပေး စည်းရုံးဆောင်ရွက်မည်ဖြစ်ကြောင်း၊ အခြားမိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ လိုအပ်သည်များကို ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထို့ပြင် နွေစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် သဖန်းဆိပ်၊ သာစည်၊ ထန်းဇလုပ်ဆည်များမှ ဆည်ရေများကို ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ဖြန့်ဝေပေးလျက်ရှိကြောင်း တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူ အကျိုးခံစားခွင့်ထုတ်ပေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် လူမှုဖူလုံရေးရုံးအနေဖြင့် လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ခွင့်ပြုထုတ်ပေးလျက်ရှိရာ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် မိုးညှင်းမြို့နယ်မှ အာမခံအလုပ်သမား ဦးသူရဇော်၏ လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ကို ဖေဖော်ဝါရီတတိယပတ်အတွင်း ဥပဒေနှင့်အညီ ခွင့်ပြုထုတ်ပေးခဲ့သည်။

ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေးရာတွင် ကချင်ပြည်နယ် လူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ ဒေါ်မြတ်မွန်မိုးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်အကြောင်း ရှင်းလင်းပြောကြားပြီး မိုးညှင်းမြို့မှ အာမခံအလုပ်သမား ဦးသူရဇော်၏ လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံး ခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ကျပ်သိန်း ၆၀ ကို ဇနီးဖြစ်သူထံသို့ ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

**ငချိုချိုကျော်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ကလေးမြို့ အခြေခံပညာကျောင်း၌ ကျောင်းသား ကျောင်းသူများ တန်းစဉ်ကူးပြောင်းမှု နှစ်ဆုံးစာမေးပွဲဖြေဆိုနေမှု ကြည့်ရှုစစ်ဆေး

မုံရွာ ဖေဖော်ဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ကလေးမြို့ မဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်ရှိ မြို့နယ်သံဃနာယကအဖွဲ့ (သုဓမ္မာ) ဥက္ကဋ္ဌ၊ ကံသာယာ သာသနာပြု ဗဟိုကျောင်းတိုက် ထေရဝါဒဗုဒ္ဓ သာသနာပြု ဗဟိုဆရာတော် ဘဒ္ဒန္တဇဝနနှင့် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် (သုဓမ္မာ) မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ မဟာကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒတို့အား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြပြီး ဆရာတော်ကြီးများထံသို့ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေးဟောင်းသမိုင်းဝင်ရွှေဘုံသာစေတီတော်၊ ရာဇမုနိရှစ်မျက်နှာစေတီတော်နှင့် ဓမ္မာရုံတို့ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။





ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းတို့သို့ ရောက်ရှိကာ ခရိုင်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ Grade- 5၊ Grade-9 ကျောင်းသား ကျောင်းသူများ တန်းစဉ်ကူးပြောင်းမှု နှစ်ဆုံးစာမေးပွဲ ဖြေဆိုနေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) လိုအပ်သည်များကို ဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးသည်။

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တန်းစဉ်ကူးပြောင်းမှု နှစ်ဆုံးစာမေးပွဲတွင် ကလေးမြို့နယ် စာစစ်ဌာန ၅၀ ၌ Grade-5 ကျောင်းသား ကျောင်းသူ ၂၃၃၄ ဦးနှင့် Grade - 9 ကျောင်းသား ကျောင်းသူ ၂၄၂၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၇၅၅ ဦး ဖြေဆိုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# World Radio Day 2024 အထိမ်းအမှတ်အဖြစ် "ရာစုနှစ်ပေါင်းများစွာ ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်းနှင့် ပညာပေးခြင်းတို့တွင် ရေဒီယို၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် Online ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

အာရှနှင့်ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံများ၏ ရုပ်သံနှင့်မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Asia-Pacific Institute For Broadcasting Development- AIBD) မှ အစီအစဉ်ဖြင့် "ရာစုနှစ်ပေါင်းများစွာ ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်းနှင့် ပညာပေးခြင်းတို့တွင် ရေဒီယို၏ အခန်းကဏ္ဍ (Radio:A Century information, entertaining and educating) Online ဆွေးနွေးပွဲ"ကို ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲပိုင်းတွင် ကျင်းပရာ မြန်မာ့ရုပ်မြင်သံကြားမှဝန်ထမ်းများ တက်ရောက်ကြသည်။ **(ယာပုံ)**

အဆိုပါဆွေးနွေးပွဲကို World Radio Day အား ပညာပေးခြင်း၊ ပြန်ကြားပေးခြင်းနှင့် ဖျော်ဖြေပေးခြင်းစသည့် အခန်းကဏ္ဍများမှတစ်ဆင့် ပစ္စုပ္ပန်ကာလ ဆက်စပ်မှုနှင့် အလားအလာရှိသည့် အနာဂတ်မျှော်မှန်းချက်တို့ကို ပိုင်းခြားလေ့လာစိတ်ဖြာခြင်းဖြင့် Radio ၏ သက်ရောက်မှုများကို မီးမောင်းထိုးပြရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲသို့ AIBD အဖွဲ့ဝင်နိုင်ငံများမှသတင်းသမားများ၊သတင်းထောက်များ၊ မီဒီယာကျွမ်းကျင်ပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ စုပေါင်း၍ Online ဖြင့် ပါဝင်တက်ရောက်ကြသည်။

World Radio Day 2024 ၏ အထိမ်းအမှတ်အဖြစ် "ရာစုနှစ်ပေါင်းများစွာ ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်းနှင့် ပညာပေးခြင်းတို့တွင် ရေဒီယို၏ အခန်းကဏ္ဍ (Radio:A Century information၊ entertaing and educating)ခေါင်းစဉ်



ဖြင့် ရေဒီယိုထုတ်လွှင့်မှုလုပ်ငန်း ဆင့်ကဲဖွံ့ဖြိုးတိုးတက်မှု၊ လူ့အသိုက်အဝန်းများအား ရေဒီယို၏ပြန်ကြားပေးခြင်းနှင့် ပညာပေးခြင်းတို့တွင် လုပ်ဆောင်နိုင်မှု၊ ယဉ်ကျေးမှုမဟာဗျူဟာများ ပုံဖော်ရာတို့တွင် ရေဒီယိုနှင့်ပတ်သက်သည့် အခန်းကဏ္ဍများကို ဆွေးနွေးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)အနေဖြင့် AIBD သို့ ၁၉၈၇ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် တင်းပြည့်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ Physical ဖြင့်လည်းကောင်း၊ Virtual ဖြင့်လည်းကောင်း ပါဝင်တက်ရောက်လျက်ရှိကြောင်းနှင့် ၂၀၂၃ ခုနှစ်တွင်လည်း In-country Workshop နှစ်ခုကို အိမ်ရှင်အဖြစ် တာဝန်ခံ၍ လက်ခံကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၂ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၉၅ ကျပ် | ၂၆၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၄၀ ကျပ် | ၂၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၇၀ ကျပ် | ၂၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၇၅ ကျပ် | ၂၉၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## မေးရိုးနှင့်ခံတွင်းခွဲစိတ်ကု အထူးကုဆေးအဖွဲ့ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အခမဲ့ခွဲစိတ်ကုသပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် - ရန်ကုန် ပါမောက္ခချုပ်၏ ညွှန်ကြားမှုဖြင့် မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာထွန်းငွေ ဦးဆောင်သော အထူးကုဆရာဝန် သုံးဦး၊ မေ့ဆေးဆရာဝန်တစ်ဦး၊ သူနာပြုငါးဦးနှင့် အထောက်အကူပြုဆရာဝန်ခြောက်ဦးပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် - ရန်ကုန် မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာန ခုတင်(၅၀) ဆံ့ သင်ကြားရေးဆေးရုံတွင် ပဲခူးတိုင်းဒေသကြီးမှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာငါးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၈ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ခုနစ်ဦး စုစုပေါင်း ၃၀ တို့ကို အခမဲ့ခွဲစိတ်ကုသမှုပေးခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၇၃၀ | ၆၁၃၂၀၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၁၀၇၂ | ၃၁၀၆၈၀၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၂ | ၁၅၀၀၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၅၆၂ | ၈၄၃၅၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၅ | ၁၂၀၀၀ |
| EFR | ၁၇၀၀ | ၁၈၀၀ | ၉၄ | ၁၆၄၃၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၁၀ | ၄၈၀၀၀ |
| MAEPC | ၁၇၀၀ | ၁၇၀၀ | ၅၀၄ | ၈၅၆၈၀၀ |

## လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို အသုံးပြုရန် မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ မြေညီထပ်၊ တိုက် (၁၄)၊ အခန်း (D)တွင် ဖွင့်လှစ်ထားသော **SUN RISE SUN GENERAL SERVICE COMPANY LIMITED.** ကုမ္ပဏီမှတ်ပုံ တင်အမှတ်–132289565 က အောက်တွင် ဖော်ပြထားသော တံဆိပ်အမည်အမှတ်အသားကို အသုံးပြုရန် ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်–၄/၁၁၅၂၃ (၂၂–၁၂–၂၀၂၃) ဖြင့် မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်–

**မှတ်ပုံတင်အမှတ် (၄/၁၁၅၂၃/၂၀၂၃)**

၁။ အထက်ပါ **SUN RISE SUN Security and Cleaning Services** လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းနှင့် သန့်ရှင်းရေးဝန်ဆောင်မှုလုပ်ငန်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အထက်တွင် ဖော်ပြထားသော လုပ်ငန်းတံဆိပ်အမည်အမှတ်အသားနှင့် စာလုံးဒီဇိုင်းပုံစံ (Logo) အမှတ် အသားကို အသုံးပြု၍ လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းနှင့် သန့်ရှင်းရေး ဝန်ဆောင်မှုလုပ်ငန်းများကို မိမိတို့ကုမ္ပဏီလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းကိစ္စအဝဝတို့တွင်လည်း အသုံးပြုသွားမည့်အပြင် အဆိုပါတံဆိပ်အမည်၊ စာတမ်းအမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုးတို့ကိုလည်း ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ အသားတံဆိပ်ပြုလုပ်၍ ရေးဆွဲဖော်ပြ၍လည်းကောင်း၊ လုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ၊ ဆိုင်းဘုတ်၊ ဘလောက်တုံး၊ ဗွီနိုင်း၊ Letter Head၊ ရုပ်ရှင်၊ TV ၊ မဂ္ဂဇင်း၊ စာစောင် စသည့်ကြော်ငြာအမျိုးမျိုးတို့တွင်လည်းကောင်း Internet Website၊ E–mail ငွေပြေစာ၊ ဖြတ်ပိုင်း၊ ဘောက်ချာ၊ တံဆိပ်တုံးများတွင် ယင်းတံဆိပ်အမည် အမှတ်အသားကို အရွယ်အစား အမျိုးမျိုးဖြင့် ရိုက်နှိပ်သုံးစွဲလျက် ရှိပါသည်။

၃။ အထက်ပါ တံဆိပ်အမည်အမှတ်အသားကို **SUN RISE SUN GENERAL SERVICE COMPANY LIMITED.** ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲနေကြောင်း တွေ့မြင်သိရှိရပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများ နှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နေခြည်ဦး (LL.B)၊(စဉ်–၄၆၂၈၁) အထက်တန်းရှေ့နေ**
**အမှတ် (၄၀) ၊ (၇)လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၂၅၃၅၃၂၉၆၈၊ ၀၉–၇၇၃၇၂၈၂၂၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်မှတ် ၅၁၆–က/၁၀၊ ဦးပိုင်အမှတ်(၁)/၇၃လမ်းနှင့် ပရန်တော်ချောင်းကြား၊ မင်္ဂလာလမ်းနှင့် M.I.T.Cစီမံကိန်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ကျော်ဝင်း(ခ)ရန်ကွေ့ယုံ ၁၃/တယန(နိုင်) ၀၀၀၃၀၅၊ ဥက္ကဋ္ဌ (New Starlight Construction Co.,Ltd)ကဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီးနေ ဦးဝင်းခက်ဇော်၏သမီး မရွှေရည်ဖူး ၉/ခမစ(နိုင်)၁၁၀၁၇၄၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၇၃၄၂၆၂၈၈

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂–၂–၂၀၂၄ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၀) ကညန၊ ခရိုင်ရုံး(ဟသ်ာတ)၏ ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် ယာဉ်အမှတ် 79W/80449 အစား 74W/80449 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၃၈၅၁၄, Yamaha 15–150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလင်းထက် ၆/ထဝန(နိုင်)၁၆၈၄၆၇က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၉၄၅၁၃, Honda Click–125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမြွေအေး ၆/ထဝန(နိုင်) ၁၁၃၄၅၄ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/1899, Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းကျော်လွင် ၆/ထဝန(နိုင်) ၁၁၄၃၆၉က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ဟ/၁၀၀၈, BAJA MAXIMA, 3/W ယာဉ်လက်ဝယ်ရှိသူ ဦးထက်ဇော်ထွန်း ၁၀/ခဆန(နိုင်) ၀၇၂၃၉ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၇

ဒေါ်အိတင်ဇာတိုး နှင့် ဦးစိုးတင့်
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးသန်းထွန်းအောင်)
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉/B) ရပ်ကွက်၊ အကောက်ခွန်(၄)လမ်း၊ အမှတ်(၁၀၁)နေ ဦးစိုးတင့်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ မတ်လ ၆ရက်(၁၃၈၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချိုကေရီဆွေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၄ရပ်ကွက်၊ အကွက်အမှတ် ဃ–၃၊ ဦးပိုင်အမှတ် (၁၁၉)၊၁၁၂x၁၁၃ ကြား၊ ၆၃x၆၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ပြုံး ၉/မရတ(နိုင်)၀၀၆၆၂၄၊ KLA–၀၂၁၅၃၈၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၁၉/၂၀၁၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးငြိမ်းချမ်းဆွေ ၅/ခဥန(နိုင်)၀၇၆၇၂၆က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ–၅၊ ဦးပိုင်အမှတ် (၄၃)၊ ၁၁၃.B လမ်း၊ ၄၉x၅၀ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်သန်း ၉/မရမ(နိုင်)၀၃၈၇၁၃၊ WMDY–၃၁၄၉၆၆ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၃၇၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထော်(ခ)ဦးကျော်သူစိုး ၁/ကမန(နိုင်)၀၂၃၄၀၄က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၆/ကျောင်းတော်မြောက်ရပ်)၊ ဦးပိုင်အမှတ်(၉–စ)၊ မြေရေိယာ ( ၀ ဒသမ ၁၀၆) ဧကရှိ (အစိုးရ)မြို့မြေကွက်အား ဒေါ်သန်းသန်းဌေး(ဘ)ဦးမြဆောင် ၉/လဝန(နိုင်)၀၃၈၁၀၇မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်းများတင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထောက်ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/မြို့သစ်တောင်ရပ်)၊ ဦးပိုင်အမှတ်(၁၁၀)၊ မြေရေိယာ(၀ဒသမ၂၂၀) ဧကရှိ ဒေါ်ခင်ခင် အမည်ပေါက် မြို့မြေကွက်အား ဒေါ်နုနုအောင် (ဘ)ဦးပုညို ၉/လဝန(နိုင်)၀၅၁၀၅၆နှင့်ဦးခန့်မင်းနောင်(ဘ)ဦးမျိုးခိုင် ၉/လဝန(နိုင်) ၂၄၅၃၄၈တို့မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကတိသစ္စာပြုလွှာမူရင်း၊ ကိုယ်တိုင်ကတိဝန်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## MYANMAR GARUDA TRADING CO.,LTD. (Reg; 118060822)
## လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇(က)(၂) နှင့် ၁၅၁(က)အရ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်း
## ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂)ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ Myanmar Garuda Trading Co.,Ltd. အား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကြည်လင် B.Com(AA)(C.P.A) (MAIP–00201)လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ)အဖြစ် ခန့်အပ်ထားခဲ့ပါသည်။ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို တစ်နှစ်အတွင်းလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၅၁(က)အရ တစ်နှစ်ထက်မပိုသောကာလအတွင်း ယင်း၏ကြွေးမြီများကို အတိုးနှင့်တကွ ပေးချေနိုင်ကြောင်းကို အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံတောင်းခံခြင်းနှင့် ပေးသွင်းခြင်းကိုပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်–

| | |
|---|---|
| **U Nyi Nyi Aung** | **U Kyi Lin(MAIP–00201)** |
| **Managing Director** | **B.Com(AA);C.P.A** |
| **Myanmar Garuda Trading Co.,Ltd.** | **Company Liquidator.** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေရေိယာ(၀ဒသမ၁၁၀)ဧကရှိ ဒေါ်ခရစ်စတီးနား(ခ)ဒေါ်ညွန့်ရီ ၁၂/ရကန(နိုင်) ၀၄၈၁၄၂(ဘ)ဦးစောဟင်နရီအမည်ပေါက် နှစ်(၃၀)မြေငှားစာ ချုပ်မြေကွက်အမှတ် (ပ–၂၃၀၃၆အေ)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင် ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၁၈/၂၀၂၃(၆–၃–၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးတင်ဇော်ဇော်လတ် ၇/တငန(နိုင်) ၀၀၀၉၆၅(ဘ)ဦးတင်မြင့်မှ ဦးဇော်ဖေသိန်း ၉/မထလ(နိုင်)၀၉၁၉၀၅နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ ၊ မြေရာ ဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၀၈/A၊ လူနေရပ်ကွက်အမှတ်(တောင်သူစုကွင်း)၊ မြေကွက်အမှတ်(၂၀)၊ အကျယ်(၄၀'x၆၀')(စတုရန်းပေ ၂၄၀၀)ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)ရပ်ကွက်၊ ခွာညိုလမ်း၊ အမှတ်(၂၀)ဟုခေါ်တွင်သော မြေနှင့်အိမ် အပါအဝင် ယင်းမြေအိမ်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အစုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဒေါ်ဝင်းဝင်းနိုင် (၉/မနတ(နိုင်) ၀၀၃၁၃၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဇော်မင်းထွန်း (၁၂/မဂဒ(နိုင်)၁၀၁၅၅၃)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၇၃၀၂၆၁၉၉၊ ၀၉–၄၄၃၀၂၆၁၉၉**

## ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ ဝေဇယန္တာအရှေ့(၁၅)လမ်း၊ အမှတ်(၈၇၇/ခ)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ အိမ်ခြံမြေ နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ပါအိမ်ခြံမြေမှာ ရန်ကုန်မြို့၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ နှစ်(၆၀)ဂရန်၏ အမည်ပေါက် ပိုင်ရှင် ၁။ ဦးရည်မွန်(ခ)ဦးစိုးမြင့် ၁၂/ကတတ(နိုင်)၀၂၅၉၉၃၊ ၂။ ဒေါ်အိအိဖြူ ၁၄/လပတ(နိုင်)၁၁၆၁၅၆ တို့မှ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီးရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သီတာ ၁၂/သလန(နိုင်) ၀၇၁၀၂၀က ဝယ်ယူရန် သဘောတူညီပြီး အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ထက်မြတ်စိုး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၃၀၇)**
**ရုံးခန်းအမှတ်–၃၊ သုမနလမ်းမကြီး၊ သာကေတမြို့နယ်ဥပဒေရုံးရှေ့၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၂၅၂၄၀၄၄၈၉**

## သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်လှလှမြင့် (၁၃/တကန(နိုင်)၁၄၁၆၆၅)၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –

ဒေါ်လှလှမြင့်သည် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဂ) ရပ်ကွက်၊ ဂန္ဓာရုံလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ မြေကွက်အမှတ် (၆)၊ သဃ်န်းကျွန်းမြို့နယ်၊ ဂန္ဓာရုံလမ်း၊ ခြံအမှတ် (၆)၊ အမှတ် (၇)ဟုခေါ်တွင်သော ဧရိယာ (၀.၁၂၂) ဧကရှိ မခွဲမစိတ်ရသေးသောမြေကွက်အနက် (၂၅ ပေ x ၈၅ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်အိမ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၂၅–၁၁–၂၀၁၈) ရက်စွဲဖြင့် ဦးမိုဟာမက်ဂျာစင်(ခ)ဦးဇော်ဝင်း (၁၂/ပဘတ(နိုင်)၀၂၇၇၂၅) မှ ဦးမိုဟာမက်ဘီလားလ်(ခ) ဦးထွေးဝင်းသို့လည်း ကောင်း၊ ဦးထွေးဝင်း နှင့် ဦးမိုဟာမက်ဂျာစင် (ခ) ဦးဇော်ဝင်းတို့က ဒေါ်ခင်မျိုးဦးထံ (၁–၃–၂၀၂၀) ရက်စွဲပါ စာချုပ်အဆက်အစပ်များဖြင့် ရောင်းချခဲ့ပြီး ဒေါ်ခင်မျိုးဦးက ဒေါ်လှလှမြင့်သို့ (၂၅–၉–၂၀၂၁) ရက်စွဲပါ “မြေနှင့်အိမ်အပြီးအပိုင် အရောင်းအဝယ် နှစ်ဦးသဘောတူကတိစာချုပ်”ဖြင့် ရောင်းဝယ်ခဲ့ကြပြီး မြေနှင့်အိမ်တို့ကို ဒေါ်လှလှမြင့်ထံ လက်ရောက်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ယနေ့တိုင် ဒေါ်လှလှမြင့်က လက်ရောက်ရရှိစီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ ဤကြေညာချက်နှင့်ပတ်သက်၍ သတင်းစာပါပြီး (၇)ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **စစ်ကိုင်း ဦးငွေသန်း (LL.B)** | **ဦးမျိုးမျိုး (LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၂၇၇၄/၈၄)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၄၀၈)** |

**အမှတ် (၁၁၄)၊ အောင်ရွှေစင်လမ်း၊**
**(၁၁/၁) ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၄၂၁၁၇၆၅၉၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၈၆၅၇၄, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဦး ၆/ထဝန(နိုင်)၁၁၂၅၅၁က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ဟ/၈၂၆၆, ROVGN 250, 3/W Motorcycle ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်း KTHG. 013758 က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

**ဇီဝမျိုးစုံ**
**မျိုးကွဲတွေ**
**ကြွယ်စေဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/8167 Honda Civic FD3, Saloon(4x2)R အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုးလွင် ၁၂/လကန(နိုင်)၀၂၈၀၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 61W/72525 Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်ထိုက်မြ ၁၄/ပသန(နိုင်)၁၅၆၉၈၉ ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး ပုသိမ်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/3119 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ခဓ-၁၀)၊ ဦးပိုင်အမှတ်(၄၇)၊ ၆၀.A x ၆၀.B လမ်း၊ ၁၃၀ x ၁၃၁ လမ်းကြားရှိ ဦးသာဆောင် အမည်ပေါက် တောဂရန်မြေကွက်အား (ဖခင်) ဦးသာဆောင်၊ (မိခင်) ဒေါ်ခင်မီတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၄၁၀၁/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် တစ်ဦးတည်းသော သားဖြစ်သူ ဦးစန်းမြင့်အောင် ၉/မနမ(နိုင်)၀၅၇၃၇၆ (GP ရရှိသူ ဦးစိုးဝင်း (ခ) ရန်ကြားဟုန်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၇၃၂၀/၂၀၂၃-၂၀၂၄ ဖြင့် တောမှ မြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁)၊ ဦးပိုင်အမှတ်(၁၀)၊ ၇၂ x ၇၃ လမ်းကြား၊ ဇော်ဂျီနှင့် ကုသိုလ်တော်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဇနီးဖြစ်သူ ဒေါ်နန်းခင်လေး (ခ) ကျင်လှ ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၃၄၄၈/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ခင်ပွန်းဖြစ်သူ ဦးမြင့်သိန်း ၉/မရမ(ဧည့်)၀၀၀၂၈၆ က အမှုတွဲအမှတ် ၇၃၁၈/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁)၊ ဦးပိုင်အမှတ်(၉)၊ ၇၂ x ၇၃ လမ်းကြား၊ ဇော်ဂျီနှင့် ကုသိုလ်တော်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဇနီးဖြစ်သူ ဒေါ်နန်းခင်လေး (ခ) ကျင်လှ ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၃၄၄၇/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ခင်ပွန်းဖြစ်သူ ဦးမြင့်သိန်း ၉/မရမ(ဧည့်)၀၀၀၂၈၆ က အမှုတွဲအမှတ် ၇၃၂၄/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၉၊ ဦးပိုင်အမှတ်(၅)/ ၆၃လမ်း၊ သခင်ဖိုးလှကြီးနှင့် ယောမင်းကြီးလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်သိန်း AE-၁၆၅၈၁၀ ၉/မနတ(နိုင်)၀၁၇၀၆၉ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၅၀/၂၀၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်စိုးမိုး ၁၃/မဆတ(နိုင်)၀၃၀၀၀၃ က တောဂရန် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ခဓ-၂၈၊ ဦးပိုင်အမှတ်(၂၉)/၅၃ x ၅၄ ကြား၊ ၁၃၀ x ၁၃၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ကျော်သန်း ၉/မခန(နိုင်)၁၄၄၇၇၄ ၏ အထူးကိုယ်စား လှယ်လွှဲစာအမှတ်(၁၀၁၇၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်စိုးဝင်း ၉/ပကခ(နိုင်)၀၄၆၃၈၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/5225 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/7130 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

## ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 7E/5074 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/22709 Thai Anbo-125, M/C ယာဉ်လက်ဝယ်ရှိသူ Eastern Utopia Enterprises Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/12856 Honda Click 150 ယာဉ်လက်ဝယ်ရှိသူ San Kar Hlaing Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/45763 Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီမ့်အိဖြူ ၅/ထခန(နိုင်) ၀၆၈၃၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဖ-၁၀၊ ဦးပိုင်အမှတ်(၆၀-ခ)/၅၇ x ၅၈ ကြား၊ မြတ်လေး x ပိတောက်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးရွှေဘော် ၉/မရမ(နိုင်)၀၆၉၄၃၄ ၏ အထူးကိုယ်စား လှယ်လွှဲစာအမှတ်(၅၅၆/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်တင်ဇာဦး ၁/မညန(နိုင်)၀၈၄၃၄၀ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံး ရပ်ကွက်၊ အကွက်အမှတ် အပိုင်း-၄၊ ဦးပိုင်အမှတ်(၁၅)/၅၀ x ၅၁ ကြား၊ နှင်းဆီ x မြတ်လေးလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးဖိုးပြည့်(ခ)ဦးဖိုးမြေ့ ၉/ပသက(နိုင်) ၀၂၇၆၆၀ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၇၇၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထွန်းဝင်း(ခ)ဦးစိုင်းတင်မြင့် ၁၃/ကမန(နိုင်)၀၆၅၃၆၃ က တောဂရန် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဓဓ-၃၂၊ ဦးပိုင်အမှတ် (၈၇)/၄၆ x ၄၇ လမ်းကြား၊ ၁၀၉ x ၁၁၀ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ခင်ပွန်း ဦးလှဆောင်(ခ)ဦးလှအောင် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၃၁၈၉/၂၀၁၆)ဖြင့် ဇနီး ဒေါ်မြရွှေက ပိုင်ဆိုင်ခဲ့ပြီး မိခင် ဒေါ်မြရွှေ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်လှလှမြင့် ၉/မရတ(နိုင်)၀၂၇၅၉၀၊ ဦးခင်မောင်ထွန်း ၉/ခမစ(နိုင်)၀၂၂၅၆၀ တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၂၅၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မိမိထွေး ၁၃/တကန(နိုင်)၀၀၃၁၆၂ က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

